မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၄၈ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက် ( ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

**အာဆီယံအသင်း (မြန်မာနိုင်ငံ) ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်သူများအကြား အာဆီယံဆိုင်ရာ အသိအမြင်ဗဟုသုတများတိုးပွားရေးအတွက် ဆောင်ရွက်ရန်၊ အာဆီယံအသိုက်အဝန်းသည် အများပြည်သူနှင့် သက်ဆိုင်ပြီး အာဆီယံအသိုက်အဝန်းထူထောင်ရာတွင် ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်ရန်လိုအပ်သည် ဆိုသည့် သိမြင်ခံစားစိတ်မြှင့်တင်ရန်၊ အာဆီယံ၏သွင်ပြင်လက္ခဏာများကို တိုးမြှင့်ဖော်ထုတ်ရန်၊ အာဆီယံအသင်းများကွန်ရက်တွင်ပါဝင်၍ အတွေ့အကြုံ ဗဟုသုတများဖလှယ်ရေးနှင့် အာဆီယံဆိုင်ရာ အသိအမြင်ဗဟုသုတများ တိုးမြှင့်ရေးတို့အတွက် တက်ကြွစွာပူးပေါင်းဆောင်ရွက်ရန်နှင့် အာဆီယံမှဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လူငယ်များအပါအဝင် အများပြည်သူများထံမှ သဘောထားအမြင်များနှင့် အကြံဉာဏ်များရယူရန် **အာဆီယံအသင်း (မြန်မာနိုင်ငံ)** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) **အာဆီယံအသင်း (မြန်မာနိုင်ငံ) ၏ နာယကအဖွဲ့**

(၁) ပြည်ထောင်စုဝန်ကြီး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန — နာယက

(၂) ပြည်ထောင်စုဝန်ကြီး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန — နာယက

(၃) ပြည်ထောင်စုဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — နာယက

(၄) ပြည်ထောင်စုဝန်ကြီး
အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန — နာယက

(ခ) **အာဆီယံအသင်း (မြန်မာနိုင်ငံ) ၏ လုပ်ငန်းအဖွဲ့**

(၁) ညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) ညွှန်ကြားရေးမှူးချုပ် ဒုတိယဥက္ကဋ္ဌ (၁)
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၃) ညွှန်ကြားရေးမှူးချုပ် ဒုတိယဥက္ကဋ္ဌ (၂)
အာဆီယံရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(၄) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(၅) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(၆) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(၇) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၈) လူငယ်ကိုယ်စားလှယ်တစ်ဦးစီ အဖွဲ့ဝင်
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

(၉) လူငယ်ကိုယ်စားလှယ်တစ်ဦး အတွင်းရေးမှူး
ဥက္ကဋ္ဌကတာဝန်ပေးအပ်သူ

(၁၀) လူငယ်ကိုယ်စားလှယ်တစ်ဦး တွဲဖက်အတွင်းရေးမှူး
ဥက္ကဋ္ဌကတာဝန်ပေးအပ်သူ

၂။ အာဆီယံအသင်း (မြန်မာနိုင်ငံ) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အာဆီယံဆိုင်ရာ သတင်းစဉ်များ၊ စာစောင်များ အခါအားလျော်စွာထုတ်ဝေခြင်း၊

(ခ) အာဆီယံအသင်း (မြန်မာနိုင်ငံ) ၏ ကိုယ်ပိုင် Website နှင့် Social Media Account များ ဖွင့်လှစ်၍ ၎င်းတို့မှတစ်ဆင့် အာဆီယံဆိုင်ရာ သတင်းနှင့် သိကောင်းစရာအချက်အလက်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခြင်း၊

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ကျောင်းများနှင့်ပူးပေါင်း၍ အာဆီယံဆိုင်ရာဟောပြောပို့ချမှုများ၊ ဆွေးနွေးပွဲများ၊ ပြပွဲပြိုင်ပွဲများ ကျင်းပခြင်း၊

(ဃ) ပြည်သူများအကြား အာဆီယံဆိုင်ရာအသိအမြင်ဗဟုသုတများ တိုးပွားရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများမှ ဆောင်ရွက်သည့်ပြည်တွင်းလုပ်ငန်းများတွင် အထောက်အကူပြုစေခြင်း၊

(င) စီးပွားရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အာဆီယံဆိုင်ရာအသိအမြင်ဗဟုသုတများ တိုးပွားရေးအတွက် ဆောင်ရွက်ခြင်း၊

(စ) အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးတွင် ဖွဲ့စည်းထားရှိသည့် အာဆီယံအသင်းများနှင့်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) အာဆီယံအသင်းများကွန်ရက် (Network of ASEAN Associations) ၏လှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်ခြင်း၊

(ဇ) သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်များ၏ သဘောထားအမြင်များကိုစုစည်း၍ အာဆီယံဆိုင်ရာ အသိအမြင်ဗဟုသုတများ တိုးပွားရေးအတွက် ဆောင်ရွက်လိုသည့် အကြံပြုချက်များနှင့် အာဆီယံမှဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် အကြံပြုချက်များကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခြင်း။

၃။ အာဆီယံအသင်း (မြန်မာနိုင်ငံ) ၏ ကုန်ကျစရိတ်များသုံးစွဲရာတွင် အောက်ပါအတိုင်းဖြစ်သည် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဘတ်ဂျက်များကြိုတင်လျာထား၍ ၎င်းတို့၏ငွေစာရင်းများမှ အဓိကကျခံသုံးစွဲရမည်။

(ခ) အစိုးရဝန်ထမ်းမဟုတ်သည့် လူငယ်ကိုယ်စားလှယ်များ၊ ပြင်ပပုဂ္ဂိုလ်များနှင့်ပတ်သက်သည့် ကုန်ကျစရိတ်များအတွက်လည်းကောင်း၊ ဆွေးနွေးပွဲများ၊ ပြပွဲ/ပြိုင်ပွဲများကျင်းပခြင်းနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များအတွက်လည်းကောင်း သက်ဆိုင်ရာဝန်ကြီးဌာနများက ကုန်ကျစရိတ်ကျခံရန် အခက်အခဲရှိပါက ပြင်ပအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများရရှိနိုင်ရန် ဆောင်ရွက်ရမည်။

၄။ အာဆီယံအသင်း (မြန်မာနိုင်ငံ) ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၀၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

### CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ** တွင် အဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန **အစား** အဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၀၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

### မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေးအမျိုးသားအဆင့် ဦးဆောင်ကော်မတီ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သော **မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေးအမျိုးသားအဆင့် ဦးဆောင်ကော်မတီ** တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

## တိုင်းဒေသကြီး/ပြည်နယ်အဆင့် အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေးရှု၍ နိုင်ငံသားအားလုံး အာဟာရဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရမည့်အစီအမံများကို အစိုးရနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အမျိုးသားအာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်းတို့ကို ကြီးကြပ်လမ်းညွှန်မှုပေးနိုင်ရန်အတွက် **တိုင်းဒေသကြီး/ ပြည်နယ်အဆင့် အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဥက္ကဋ္ဌ/ဝန်ကြီးချုပ် — နာယက
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

(ခ) ကောင်စီဝင်/လူမှုရေးဝန်ကြီး — ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

(ဂ) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဃ) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(င) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(စ) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်အခြေခံပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဆ) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဇ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်ရှိ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ
ဆောင်ရွက်နေသော ကုလသမဂ္ဂအဖွဲ့အစည်း

(ဈ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်ရှိ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ
ဆောင်ရွက်နေသောလူမှုရေးအဖွဲ့အစည်း

(ည) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်ရှိ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ
ဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့အစည်း

(ဋ) ဥက္ကဋ္ဌ (သို့) အဖွဲ့ဝင်တစ်ဦး — အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

(ဌ) တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး — အတွင်းရေးမှူး
တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဍ) ဒုတိယတိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေး — တွဲဖက်အတွင်းရေးမှူး (၁)
ဦးစီးဌာနမှူး (ပြည်သူ့ကျန်းမာ)
တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဎ) အဖွဲ့ခေါင်းဆောင်ဆရာဝန် (အာဟာရ) — တွဲဖက်အတွင်းရေးမှူး (၂)
တိုင်းဒေသကြီး/ပြည်နယ်အာဟာရလေ့ကျင့်ကွပ်ကဲရေးအဖွဲ့
တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၂။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပေါင်းစည်းအာဟာရစီမံကိန်းရေးဆွဲခြင်း၊

(ခ) မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်၏လိုအပ်ချက်ပေါ်မူတည်၍ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေးအတွက် အာဟာရအပေါ်တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသော လုပ်ငန်းစဉ်များနှင့်သွယ်ဝိုက်၍ အကျိုးသက်ရောက်မှုရှိသော လုပ်ငန်းစဉ်များချမှတ်၍ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းဆောင်ရွက်နိုင်ရန်လိုအပ်မည့် ရန်ပုံငွေများ ကြိုတင်ခန့်မှန်းတွက်ချက်ခြင်းနှင့် အရင်းအမြစ်များ ရှာဖွေခြင်း၊

(ဃ) အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆက်စပ်ဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများအားလုံး ပါဝင်လာအောင် စည်းရုံးလှုံ့ဆော်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု အခြေအနေကို တိုင်းတာနိုင်မည့်အညွှန်းကိန်းများ သတ်မှတ်ခြင်းနှင့် လုပ်ငန်းများဆောင်ရွက်နေမှုကို စဉ်ဆက်မပြတ်ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဆန်းစစ်ခြင်း၊

(စ) ကော်မတီအစည်းအဝေးကို သုံးလတစ်ကြိမ် သို့မဟုတ် လိုအပ်သလို ကျင်းပပြုလုပ်ခြင်း၊

(ဆ) အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို မြန်မာနိုင်ငံအာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့်ဦးဆောင်ကော်မတီထံ ပုံမှန် (၄) လတစ်ကြိမ်တင်ပြ၍ လမ်းညွှန်မှုခံယူခြင်း။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၉/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကို ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

**မြောက်ဦးဒေသအမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သော **မြောက်ဦးဒေသအမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Mrauk U National Coordinating Committee - MRAUK - UCOM)** တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

**၂၀၂၀ ပြည့်နှစ်၊ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဖွဲ့စည်းခြင်း**

"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံရေး

တို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါး အန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး၊ စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပေါ်ပေါက်ရေး” ဟူသော အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ ၂၀၂၀ ပြည့်နှစ်၊ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **၂၀၂၀ ပြည့်နှစ်၊ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ (၁)<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၁၂) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုရေးနှင့် ယဉ်ကျေးမှုဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး | အတွင်းရေးမှူး |
| (၁၄) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | တွဲဖက်အတွင်းရေးမှူး |

(ပုံ) ဝင်းမြင့်<br>
နိုင်ငံတော်သမ္မတ<br>
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**[ ယခင်အပတ် ပြည်ထောင်စုအစိုးရအဖွဲ့၊ အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၁၉ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများမှ အဆက် ]**

**စာရင်းစစ်ဆေးခြင်း**

၂၂။ ကော်မတီသည် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေစာရင်းများကို စစ်ဆေးနိုင်ရန် ကော်မတီဝင် မဟုတ်သော ညွှန်ကြားရေးမှူးရာထူးအောက် မနိမ့်သောရာထူးတွင် တာဝန်ထမ်းဆောင်သူခေါင်းဆောင်အဖြစ်ပါဝင်သည့် စာရင်းစစ်ဆေးရေးအဖွဲ့ကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၂၃။ စာရင်းစစ်ဆေးရေးအဖွဲ့သည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေးရာတွင် ကော်မတီက သတ်မှတ်ထားသည့်စည်းကမ်းနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ မရှိ၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်ခြင်း ရှိ မရှိ၊ ရည်မှန်းချက်အတိုင်း လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ခြင်း ရှိ မရှိ စစ်ဆေးရမည်။

၂၄။ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှစ်ချုပ်စာရင်းများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) အတွက် နေပြည်တော်စာရင်းစစ်ရုံးကလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်ရုံးကလည်းကောင်း ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ ပုဒ်မ ၁၁ (ည) နှင့် ပုဒ်မ ၂၅ (င) အရ စစ်ဆေးပေးနိုင်ရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော် စာရင်းစစ်ရုံးသို့လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ရုံးသို့လည်းကောင်း အကြောင်းကြားစာပေးပို့၍ စစ်ဆေးမှု ခံယူရမည်။

၂၅။ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများကို နေပြည်တော်စာရင်းစစ်ရုံးက နေပြည်တော်ကောင်စီ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ရုံးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကိုလည်းကောင်း စစ်ဆေးချိန်တွင် တစ်ပါတည်း စစ်ဆေးရမည်ဖြစ်၍ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေပေးသွင်းသည့် ကာလ၊ ပမာဏ၊ အကြောင်းအရာတို့နှင့်စပ်လျဉ်းသည့် အထောက် အထားများ၊ ရငွေနှင့်အသုံးစရိတ်များအတွက် အထောက်အထားများကို ပြည့်စုံစွာထိန်းသိမ်းထားရှိရမည်။

**အစီရင်ခံတင်ပြခြင်း**

၂၆။ စာရင်းစစ်ဆေးရေးအဖွဲ့သည် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေစာရင်းများကို သုံးလတစ်ကြိမ်စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) အတွက် ပြည်ထောင်စု အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ထံ တင်ပြရမည်။

၂၇။ ကော်မတီသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေ များကို စာရင်းချုပ်ပြုစု၍ ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ တစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သို့လည်းကောင်း ခြောက်လတစ်ကြိမ် အစီရင်ခံတင်ပြရမည်။

## အခန်း (၆)

## အထွေထွေ

၂၈။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဤဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေသုံးစွဲမှု၊ စာရင်းထိန်းသိမ်းထားရှိမှု၊ ကြီးကြပ်ကွပ်ကဲမှုနှင့် စာရင်းစစ်ဆေးခံယူမှုတို့ကို စနစ်တကျ ဆောင်ရွက်ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပုံစံ (၁)

**----------- ခု၊ ဘဏ္ဍာရေးနှစ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်**
**သာမန်အသုံးစရိတ်မှ ကျခံသုံးစွဲမည့် အသုံးစရိတ်**

**(ကျပ်သန်းပေါင်း)**

| စဉ် | ငွေစာရင်းခေါင်းစဉ် | ငွေရပ် |
|---|---|---|
| ၀၂၀၀ | ခရီးသွားလာစရိတ် | |
| | ၀၂××<br>၀၂×× | |
| ၀၃၀၀ | ပစ္စည်းများဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် လုပ်အားခ | |
| | ၀၃××<br>၀၃×× | |
| ၀၄၀၀ | ပြင်ဆင်ထိန်းသိမ်းစရိတ် | |
| | ၀၄××<br>၀၄×× | |
| ၀၅၀၀ | ပညာရေးနှင့် လူမှုရေးအသုံးစရိတ် | |
| | ၀၅××<br>၀၅×× | |
| ၀၆၀၀ | ဧည့်ခံကျွေးမွေးစရိတ် | |
| | ၀၆××<br>၀၆×× | |
| | **စုစုပေါင်း** | ××××××××××××× |

**မှတ်ချက်။ ၀၂၀၀ ခရီးသွားလာစရိတ် ခေါင်းစဉ်အောက်တွင် ၀၂၀၁ ပြည်တွင်းခရီးစရိတ်ကိုသာ ခွင့်ပြုမည်ဖြစ်ပြီး ၀၂၀၂ ပြည်ပခရီးစရိတ်ကို ခွင့်မပြုပါ။**

ပုံစံ (၂)

**အကောင်အထည်ဖော်ဆောင်ရွက်လိုသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစာရင်း**
**(ငွေလုံးငွေရင်း)**

............ မြို့နယ် (ကျပ်သန်းပေါင်း)

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်း | | | | အတိုင်းအတာ | | | ခန့်မှန်းကုန်ကျစရိတ် | တာဝန်ခံဆောင်ရွက်မည့်အဖွဲ့ | အကျိုးသက်ရောက်မှု | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အမျိုးအမည် | အရေအတွက် | | | အလျား | အနံ | စောက် | | | | |
| | | | အသစ် | ပြင်ဆင် | ပေါင်း | | | | | | | |
| | | | | | | | | | | | | |
| | ပေါင်း | | | | | | | | | | | |

**ပုံစံ (၃)**

**------- ဘဏ္ဍာရေးနှစ်၊ ------- နေ့မှ ------- နေ့ထိကာလအတွက်**

**ရငွေပေးငွေစာရင်း**

**(ကျပ်)**

| စဉ် | အကြောင်းအရာ | ငွေ | ဘဏ် | စဉ် | အကြောင်းအရာ | ငွေ | ဘဏ် |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | စာရင်းဖွင့်လက်ကျန် | ××× | ××× | | - အသုံးစရိတ် | ××× | ××× |
| | - ရငွေ | ××× | ××× | | - အသုံးစရိတ် | ××× | ××× |
| | - ရငွေ | ××× | ××× | | - အသုံးစရိတ် | ××× | ××× |
| | - ရငွေ | ××× | ××× | | စာရင်းပိတ်လက်ကျန် | ××× | ××× |
| | **စုစုပေါင်း** | **×××** | **×××** | | **စုစုပေါင်း** | **×××** | **×××** |

**ပုံစံ (၄)**

**ဘဏ်စာရင်းနှင့် ငွေစာရင်းကိုက်ညှိရှင်းတမ်း**

**------------- ဘဏ္ဍာရေးနှစ်၊ ------------ လ**

**(ကျပ်)**

| စဉ် | အကြောင်းအရာ | ပေးသွင်းငွေ | ထုတ်ယူငွေ |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | ယခင်လ၏ ခြားနားခြင်း | ×××× | ××× |
| ၂ | ယခုလအတွင်း ဌာနဆိုင်ရာစာရင်းအရ (+) | ××× | ××× |
| ၃ | စုစုပေါင်း | ××× | ××× |
| ၄ | ယခုလအတွင်း ဘဏ်စာရင်းအရ (-) | ××× | ××× |
| ၅ | ခြားနားခြင်း | ××× | ××× |

ပေးသွင်းငွေတွင် ခြားနားချက်အတွက် ရှင်းလင်းချက်။
- ဌာနဆိုင်ရာစာရင်းတွင် ပေးသွင်းထားပြီးဖြစ်သော်လည်း ဘဏ်မှ အခြားခေါင်းစဉ်သို့ စာရင်းမှားသွင်းထားခြင်း၊
- ဘဏ်တွင် အမှန်အတိုင်းလက်ခံရရှိထားပြီးဖြစ်သော်လည်း ဌာနဆိုင်ရာစာရင်းတွင် မဝင်သေးခြင်း၊
- ဘဏ်သို့ ပေးသွင်းသော်လည်း ဘဏ်ကစာရင်းမသွင်းရသေးခြင်း။
- **အခြားအချက်များ**

ထုတ်ယူငွေတွင် ခြားနားချက်အတွက် ရှင်းလင်းချက်။
- ဌာနဆိုင်ရာစာရင်းမှ ထုတ်ပေးပြီးဖြစ်သော်လည်း ဘဏ်၌ ငွေမထုတ်ယူရသေးသောချက်လက်မှတ်များ၊
- ဘဏ်က အခြားဌာနများ၏ ချက်လက်မှတ်များအား မှားယွင်းစာရင်းပြုထားခြင်း၊
- ဘဏ်များ၏ အခကြေးငွေနှင့် အခြားစရိတ်များကို ဌာနဆိုင်ရာစာရင်းတွင် မသွင်းရသေးခြင်း။
- **အခြားအချက်များ**

ပုံစံ (၅)

------------- ဘဏ္ဍာရေးနှစ်၊ ------------ နေ့မှ ------------ နေ့ထိ

ငွေရပြေစာ စာအုပ် မှတ်ပုံတင်စာရင်း

| စဉ် | ရရှိသည့်နေ့စွဲ | ပြေစာ စာအုပ်အမှတ် | အမှတ်စဉ် | | အသုံးပြုသည့်နေ့ |
|---|---|---|---|---|---|
| | | | မှ | ထိ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

**ပုံစံ (၆)**

**------------------ ဘဏ္ဍာရေးနှစ်၊ ------------------ နေ့မှ ------------------ နေ့ထိ**

**ချက်လက်မှတ်စာအုပ်များမှတ်ပုံတင်စာရင်း**

| စဉ် | ချက်လက်မှတ်စာအုပ်အမှတ် | ချက်လက်မှတ်စာအုပ် အမှတ်စဉ် | | စတင်အသုံးပြုသည့်နေ့ | မှတ်ချက် |
|---|---|---|---|---|---|
| | | မှ | ထိ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

ပုံစံ (၇)

----------- ဘဏ္ဍာရေးနှစ်၊ ----------- နေ့မှ ----------- နေ့ထိ

ကြိုတင်ထုတ်ပေးငွေစာရင်း

(ကျပ်)

| စဉ် | ကြိုတင်ငွေထုတ်ယူသည့် | | | စာရင်းဖွင့်လက်ကျန် | ယခုလအတွင်းထုတ်ပေးငွေ | စုစုပေါင်း | ယခုလအတွင်းစာရင်းရှင်းလင်းပြီးစီးမှု | ကျန်ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | နေ့စွဲ | အမည် | ရာထူး | | | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |

**ပုံစံ (ဈ)**

**-------------- လုပ်ငန်းအတွက် ကြိုတင်ထုတ်ပေးငွေအသုံးစရိတ်ရှင်းတမ်း**

**(ကျပ်)**

| စဉ် | နေ့စွဲ | ကြိုတင် ထုတ်ပေးငွေပေါင်း | ရှင်းလင်းသည့် | | အကြောင်းအရာ | သင့်ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | နေ့စွဲ | ပြေစာအမှတ် | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

ပုံစံ (၉)

----------- ဘဏ္ဍာရေးနှစ်၊ ----------- နေ့မှ ----------- နေ့ထိ

ကြိုတင်ရငွေစာရင်း

(ကျပ်)

| စဉ် | ကြိုတင်ငွေရရှိသည့် | | ပေးသွင်းသူ | | စာရင်းဖွင့် လက်ကျန် | ယခုလအတွင်း ထပ်မံပေးသွင်းမှု | စုစုပေါင်း | ယခုလအတွင်း စာရင်းရှင်းလင်းပြီးစီးမှု | ရှင်းလင်းရန် ကျန်ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | နေ့စွဲ | အကြောင်းအရာ | အမည် | ရာထူး | | | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |

ပုံစံ (၁၀)

----------- ဘဏ္ဍာရေးနှစ်၊ ----------- နေ့မှ ----------- နေ့ထိ

(ကျပ်)

ပေးရန်ရှိစာရင်း

| စဉ် | ပေးချေရမည့် | | စာရင်းဖွင့်လက်ကျန် | ယခုလအတွင်းထပ်မံတိုးလာမှု | စုစုပေါင်း | ယခုလအတွင်းစာရင်းရှင်းလင်းပြီးစီးမှု | ရှင်းလင်းရန်ကျန်ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | ပုဂ္ဂိုလ်/အဖွဲ့အစည်း | အကြောင်းအရာ | | | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

ပုံစံ (၁၁)

----------- ဘဏ္ဍာရေးနှစ်၊ ----------- နေ့မှ ----------- နေ့ထိ

ရရန်ရှိစာရင်း

(ကျပ်)

| စဉ် | ရရန်ရှိသည့် | | စာရင်းဖွင့် လက်ကျန် | ယခုလအတွင်း ထပ်မံတိုးလာမှု | စုစုပေါင်း | ယခုလအတွင်း ရရှိမှုအရ ရှင်းလင်းပြီးစီးမှု | ရှင်းလင်းရန် ကျန်ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | ပုဂ္ဂိုလ်/အဖွဲ့အစည်း | အကြောင်းအရာ | | | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

ပုံစံ (၁၂)

(ကျပ်)

## ပုံသေပိုင်ပစ္စည်းမှတ်တမ်း

| စဉ် | ပုံသေပိုင်ပစ္စည်း အမည် | ဆောက်လုပ်ပြီးစီး/ဝယ်ယူသည့် | | အသုံးဝင်သက်တမ်း သတ်မှတ်မှု | တန်ဖိုးလျော့ကျခံမှု | ၃၀-၉-၂၀×× နေ့ရှိလက်ကျန်တန်ဖိုး | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | ဘဏ္ဍာရေးနှစ် | တန်ဖိုး | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

မှတ်ချက်။ ပုံသေပိုင်ပစ္စည်းတစ်မျိုးစီအတွက် မှတ်တမ်းတစ်စောင်စီရေးသွင်းထားရှိရန်ဖြစ်ပါသည်။

**ပုံစံ (၁၃)**

**------- ဘဏ္ဍာရေးနှစ်၊ ------- နေ့ကုန်ဆုံးသောနှစ်အတွက်**
**ဝင်ငွေနှင့် အသုံးစရိတ်စာရင်း**

**(ကျပ်)**

| **စဉ်** | **အကြောင်းအရာ** | **အသုံးစရိတ်** | **စဉ်** | **အကြောင်းအရာ** | **ဝင်ငွေ** |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | အသုံးစရိတ်များ | ××× | | ဝင်ငွေများ | ××× |
| | အသားတင်အမြတ် | ××× | | အသားတင်အရှုံး | ××× |
| | **စုစုပေါင်း** | **×××** | | **စုစုပေါင်း** | **×××** |

**ပုံစံ (၁၄)**

**------- ဘဏ္ဍာရေးနှစ်၊ ------- နေ့ကုန်ဆုံးသောနေ့ရှိ**

**လက်ကျန်ရှင်းတမ်း**

**(ကျပ်)**

| စဉ် | အကြောင်းအရာ | | ငွေရပ် | စဉ် | အကြောင်းအရာ | | ငွေရပ် |
|---|---|---|---|---|---|---|---|
| ၁ | ၂ | | ၃ | ၄ | ၅ | | ၆ |
| | ရင်းနှီးငွေနှင့် ပေးရန်တာဝန် | | xxx | | လက်ငင်းမဟုတ်သည့်ရပိုင်ခွင့်များ | | xxx |
| | မတည်ရင်းနှီးငွေ | | xxx | | - မြေ | | xxx |
| | | | | | - အဆောက်အဦ | xxx | |
| | | | | | (-) တန်ဖိုးလျော့စရိတ် | (xxx) | xxx |
| | အရှုံး/အမြတ် စာရင်းလက်ကျန် | xxx | | | | | |
| | နှစ်အတွင်း အမြတ်(+)/အရှုံး(-) | xxx | | | | | |
| | | | xxx | | - ယာဉ်၊ ယန္တရား | xxx | |
| | ကာလရှည်ပေးရန်တာဝန် | | xxx | | (-) တန်ဖိုးလျော့စရိတ် | (xxx) | xxx |
| | ကာလတိုပေးရန်တာဝန် | | xxx | | အခြားရပိုင်ခွင့်များ | | xxx |
| | ပေးရန်ရှိစရိတ်များ | | xxx | | လက်ငင်းရပိုင်ခွင့်များ | | xxx |
| | ကြိုတင်ရဝင်ငွေများ | | xxx | | ကြိုတင်ပေးငွေစာရင်းများ | | xxx |
| | | | | | ရရန်ရှိစာရင်းများ | | xxx |
| | | | | | ပစ္စည်းလက်ကျန် | | xxx |
| | | | | | ဘဏ်လက်ကျန် | | xxx |
| | | | | | ငွေသားလက်ကျန် | | xxx |
| | **စုစုပေါင်း** | | **xxx** | | **စုစုပေါင်း** | | **xxx** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

**၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ**

**ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀။)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အခွန်အကောက်**ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။

(ခ) **ဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကို ဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေတို့ကို ဆိုသည်။

(င) **အခွန်နှုန်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကိုကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

## အခန်း (၂)
## ကောက်ခံရန် အခွန်လျာထားချက်

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ဖြစ်သည်။

## အခန်း (၃)
## အခွန်နှုန်းများသတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း ဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

## အခန်း (၄)
## သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် ရတနာခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ် မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

## အခန်း (၅)
## အထူးကုန်စည်ခွန်

၁၁။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

### အထူးကုန်စည်များ

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည် -

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနက ဖော်ပြသောရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း၊

(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့်တန်ဖိုးအပေါ်တွင်လည်းကောင်း၊

ခြွင်းချက်။ သို့ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှတင်သွင်းလာသည့် အထူးကုန်စည်နှင့်ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန် အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှတင်သွင်းရာတွင် သတ်မှတ်သည့် ကုန်းပေါ်ရောက်တန်ဖိုးနှင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရမည်။

(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုး သို့မဟုတ် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ကြိုတင်ပေးပို့ထားသည့် တန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း။

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၆၀၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၈ ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၆၀၁ ကျပ်မှ ကျပ် ၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၇ ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၈၀၁ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၂ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၁၀၀၁ ကျပ် နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၅ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ ရာခိုင်နှုန်း |
| ၃ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | | ၆၀ ရာခိုင်နှုန်း |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၇၅ ပြား |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ ရာခိုင်နှုန်း |
| ၆ | ဆေးတံသောက်ဆေးများ။ | | ၈၀ ရာခိုင်နှုန်း |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ ရာခိုင်နှုန်း |

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၈ | (က) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၀၀ ကျပ်မှ ကျပ် ၁၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၀ ကျပ် |
| | (ခ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၄၂၄ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၀၀၁ ကျပ်မှ ကျပ် ၃၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၇၀၇ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၄၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၉၉၀ ကျပ် |
| | (င) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၀၀၁ ကျပ်မှ ကျပ် ၅၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၇၃ ကျပ် |
| | (စ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၅၀၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၅၅၅ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၈၃၈ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၀၀၁ ကျပ်မှ ကျပ် ၈၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၂၁ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၈၀၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၄၀၄ ကျပ် |
| | (ည) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၈၆ ကျပ် |
| | (ဋ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၀၁ ကျပ်မှ ကျပ် ၁၁၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၉၆၉ ကျပ် |
| | (ဌ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၁၀၀၁ ကျပ်မှ ကျပ် ၁၂၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၅၂ ကျပ် |
| | (ဍ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၂၀၀၁ ကျပ်မှ ကျပ် ၁၃၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၅၃၅ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၀၀၁ ကျပ်မှ ကျပ် ၁၄၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၈၁၇ ကျပ် |
| | (ဏ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၄၀၀၁ ကျပ်မှ ကျပ် ၁၅၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၄၁၀၀ ကျပ် |
| | (တ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၀၀၁ ကျပ် နှင့်အထက်အဆင့်ဖြစ်လျှင် | တစ်လီတာတန်ဖိုး၏ ၆၀ ရာခိုင်နှုန်း |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ ရာခိုင်နှုန်း |
| ၁၀ | (က) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ကျပ် ၇၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၁ ကျပ် |
| | (ခ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၁ ကျပ်မှ ကျပ် ၁၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၄၄ ကျပ် |
| | (ဂ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၄၀၆ ကျပ် |

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၅၁ ကျပ်မှ ကျပ် ၃၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၅၆၉ ကျပ် |
| | (င) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၇၅၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၇၃၂ ကျပ် |
| | (စ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၇၅၁ ကျပ်မှ ကျပ် ၄၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၈၉၄ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၅၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၁၃၈ ကျပ် |
| | (ဇ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၄၆၃ ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၈၈ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၁၃ ကျပ် |
| | (ဋ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၅၀၁ ကျပ်မှ ကျပ် ၁၃၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၀၀ ကျပ် |
| | (ဌ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၅၀၁ ကျပ်မှ ကျပ် ၁၆၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၅၀ ကျပ် |
| | (ဍ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၆၅၀၁ ကျပ်နှင့် အထက်အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း |
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ။ | | ၅ ရာခိုင်နှုန်း |
| ၁၂ | (က) Double Cab 4 Door Pickup မှအပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့်ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၁၀ ရာခိုင်နှုန်း |
| | (ခ) Double Cab 4 Door Pickup မှအပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့်ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၃၀ ရာခိုင်နှုန်း |
| | (ဂ) Double Cab 4 Door Pickup မှအပ ၄၀၀၁ CC နှင့်အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့်ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀ ရာခိုင်နှုန်း |
| ၁၃ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ ရာခိုင်နှုန်း |
| ၁၄ | သဘာဝဓာတ်ငွေ့။ | | ၈ ရာခိုင်နှုန်း |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်။ ဖော်ပြပါ အထူးကုန်စည်များမှ တစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန် မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည် -

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သစ်လုံး၊ သစ်ခွဲသားများ | ၁၀ ရာခိုင်နှုန်း |

၁၂။ အထူးကုန်စည်ခွန်ဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ ထက်မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏ အခန်း (၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း (၆)

## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

### ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ

(က) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ -

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| **စားသောက်ကုန်စည်များ** | |
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ၊ ဂျုံစေ့၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း၊ အစေ့ထုတ်ပြောင်းနှင့်ပြောင်းစေ့အမျိုးမျိုး။ |
| ၂ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ၊ မြေပဲတောင့်၊ မြေပဲဆန်၊ နှမ်း၊ ပန်းနှမ်း၊ မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ် စသည့်ဆီကြိတ်ပြီး အဖတ်များ။ |
| ၃ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ၊ ငရုတ်သီး၊ ငရုတ်သီးမှုန့်၊ နနွင်း၊ နနွင်းမှုန့်၊ ချင်း၊ မန်ကျည်းမှည့်၊ ဆားအမျိုးမျိုး။ |
| ၄ | သစ်သီးစိမ်းအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ။ |
| ၅ | လက်ဖက်စို၊ လက်ဖက်ခြောက်၊ လက်ဖက်အချိုခြောက်၊ ပြုပြင်ထုပ်ပိုးထားသည့် လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၆ | ငါးစို၊ ပုစွန်စို၊ အသားစိုနှင့် ကြက်ဥ၊ ဘဲဥ စသည့်ဥအမျိုးမျိုး။ |
| ၇ | ပဲဆီ၊ နှမ်းဆီ။ |
| ၈ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး၊ ဒိန်ချဉ်၊ ပဲနို့။ |
| ၉ | ငံပြာရည်အမျိုးမျိုး၊ ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး၊ ငါးချဉ်၊ ပုစွန်ချဉ်အမျိုးမျိုး၊ ပုစွန်ဖွဲ၊ ငါးပေါင်းမှုန့်၊ ငါးပိအမျိုးမျိုး။ |
| **စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာကုန်စည်များ** | |
| ၁၀ | ပိုးစာရွက်၊ ပိုးအိမ်။ |
| ၁၁ | သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ၊ ကုန်းနေသတ္တဝါများ၊ ရေနေသတ္တဝါများ၊ ကုန်းတစ်ပိုင်းရေတစ်ပိုင်းနေ သတ္တဝါများ၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်များ၊ မျိုးစိတ်များ၊ ရေတွင်ပေါက်ဖွားသည့် အပင်များနှင့် မျိုးစေ့များ၊ အပင်ပေါက်များ၊ ရေညှိရေမှော်များ။ |

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁၂ | စိုက်ပျိုးရေးလုပ်ငန်းများတွင် အပင်များကြီးထွားသန်မာပြီး သီးပွင့်မှုအားကောင်းစေရန် အသုံးပြုသော မြေဆီ၊ ဓာတ်မြေဩဇာ အပါအဝင် မြေဩဇာအမျိုးမျိုး၊ လယ်ယာစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ မှို၊ ဗက်တီးရီးယား၊ နီမတုတ်များနှင့် အခြားရောဂါကျရောက်မှုမရှိစေရေး စိုက်ပျိုးရေးသုံး ရောဂါကာကွယ်ဆေးနှင့် ရောဂါသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးသုံးခြံဖျန်းဆေးအမျိုးမျိုး (အိမ်သုံးခြင်ဆေး၊ စပရေး၊ ကြွက်သတ်ဆေးများမပါဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့် ကာကွယ်ဆေးများ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်မှတ်ရရှိပြီး ဆေးဝါးနှင့် ကာကွယ်ဆေးများအပါအဝင်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ပေးသည့် ထောက်ခံချက် ရရှိထားသော ဆေးဝါးများအပါအဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာထုတ်လုပ်ရန် ကုန်ကြမ်း၊ ကုန်ချော ပစ္စည်းများ (အိမ်မွေးတိရစ္ဆာန်များအတွက် အသုံးပြုသော တိရစ္ဆာန်အစားအစာများမပါဝင်)။ |
| ၁၃ | ဆီအုန်း၊ နေကြာစေ့၊ ဝါစေ့၊ ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့၊ ကွမ်းသီး၊ ကွမ်းသီးခွံ၊ သီးနှံများ၏ မျိုးကောင်း မျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၁၄ | ဝါကုန်ကြမ်း၊ ဝါအမျိုးမျိုး၊ ဖာလာ၊ သနပ်ခါးနှင့် အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် လယ်ယာကိုင်းကျွန်း ဥယျာဉ်ထွက်ကုန်များ၊ အုန်းဆီ (စားအုန်းဆီမဟုတ်)။ |
| ၁၅ | အုန်းဆံခြည်ခင်။ |
| ၁၆ | ထင်း၊ ဝါး၊ ကြိမ် အကြမ်းအချော၊ ထင်းအစားထိုး လောင်စာတောင့်။ |
| **ကျောင်းသုံး၊ ရုံးသုံးကုန်စည်များ** | |
| ၁၇ | ချိပ်များ၊ တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ် အပါအဝင်)။ |
| ၁၈ | နိုင်ငံတော်အလံ။ |
| ၁၉ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ ခဲတံလုပ်ရန်ခဲဆန်။ |
| ၂၀ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ အခြေခံကျောင်း၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုး၊ သုတရသ စာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့် သတင်းစာအမျိုးမျိုး၊ ယင်းစာအုပ်စာပေများ ထုတ်လုပ်ရန်စက္ကူများ (40 Gsm မှ 80 Gsm အတွင်းသာ)၊ ခဲတံအမျိုးမျိုး၊ ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| **ကျန်းမာရေးဆိုင်ရာကုန်စည်များ** | |
| ၂၁ | ပရဆေးများ။ |
| ၂၂ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၃ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာတန်ဆာပလာများနှင့် ကုသရေးဦးစီးဌာနက သတ်မှတ်သည့် ဆေးဘက်ဆိုင်ရာသုံး ပစ္စည်းကိရိယာတန်ဆာပလာများ၊ ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန် ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံသုံး တစ်ခါသုံး နှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ် (Surgical Glove)၊ တုပ်ကွေးရောဂါကူးစက်ခြင်းအား ကာကွယ်ရန် တပ်ဆင်သည့် နှာခေါင်းစည်း၊ အိမ်သုံးဆေးဝါး၊ အခြားလူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (ဥပဒေ၊ နည်းဥပဒေများဖြင့် ကန့်သတ်ထားသောဆေးဝါးများမှအပ FDA မှတ်ပုံတင်လက်မှတ်ရရှိပြီး ဆေးဝါးများ၊ တိုင်းရင်းဆေးဝါး ကုန်ကြမ်းများအပါအဝင် ဆေးဝါးကုန်ကြမ်းများ)။ |
| ၂၄ | ကွန်ဒုံး (Condom)။ |
| **ဘာသာရေးနှင့် လူမှုရေးသုံးကုန်စည်များ** | |
| ၂၅ | စိပ်ပုတီးအမျိုးမျိုး (အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများမပါဝင်)၊ သာသနာရေး ဆိုင်ရာ အဝတ်အထည်များ။ |
| ၂၆ | မီးသတ်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ နာရေးယာဉ်များ။ |
| **သယ်ယူပို့ဆောင်ရေးဆိုင်ရာကုန်စည်များ** | |
| ၂၇ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြား သံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၂၈ | ပြည်တွင်း ပြည်ပ ပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန်ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၂၉ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံးစက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏အရန်နှင့်အပိုပစ္စည်း။ |

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| **စက်မှုလုပ်ငန်းသုံးကုန်စည်များ** | |
| ၃၀ | အရောင်ချွတ်ဖတ် (အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hypochlorite များသာ)၊ ဆပ်ပြာမှုန့်ပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၃၁ | ဂုန်လျှော်နှင့် အခြားလျှော်များ၊ ကြက်ပေါင်စေး၊ လျှော်ဖြူစေး (ခေါ်) ဆေးကုလားမ။ |
| ၃၂ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ ထွန်စက်များ၊ မြေပြုပြင်ထွန်ယက်သည်မှ သီးနှံရိတ်သိမ်းခြွေလှေ့ အခြောက်ခံသည်အထိ လူ သို့မဟုတ် တိရစ္ဆာန်၏လုပ်အားနှင့် တွဲဖက်၍သော်လည်းကောင်း၊ စက်စွမ်းအားသီးသန့်သော်လည်းကောင်း ဆောင်ရွက်နိုင်သောကိရိယာ၊ စက်နှင့်စက်အပိုပစ္စည်းအမျိုးမျိုး (မော်တော်ယာဉ်ဥပဒေအရ မှတ်ပုံတင်ရန်လိုအပ်သော ယာဉ်ယန္တရားများမှအပ)၊ မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ မွေးမြူရေးလုပ်ငန်းသုံးစက်နှင့်စက်အပိုပစ္စည်းများ၊ မျိုးမြင့်သားစပ်ရာတွင် အသုံးပြုရန် မျိုးရည်၊ မျိုးချောင်း၊ မျိုးဥ (အေးခဲမျိုးရည်အပါအဝင် သန္ဓေသားလောင်းနှင့် မေထုန်မဲ့ သားစပ်လုပ်ငန်းသုံးကိရိယာများ)။ |
| ၃၃ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၃၄ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက်အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှ ပေးပို့သည့်ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရသည့်ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုပ်ပိုးရာတွင် အသုံးပြုသည့်ကုန်စည်များ၊ လက်ခစားအပ်ကုန်စနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများက လုပ်ငန်းလိုအပ်ချက်အရ ပြန်လည်ရောင်းချရန်မဟုတ်သည့် တင်သွင်းလာသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏အရန်နှင့်အပိုပစ္စည်းများ။ |
| **ကာကွယ်ရေးဆိုင်ရာကုန်စည်များ** | |
| ၃၅ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာများ၊ ယင်းတို့၏အရန်နှင့်အပိုပစ္စည်းများ၊ နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့်ဆက်စပ်ပစ္စည်းများ [ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ခွင့်ပြုချက်ဖြင့် တင်သွင်းသောပစ္စည်းအမျိုးအမည်များသာ]၊ ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးမှန်းခြေငွေစာရင်းပါအသုံးစရိတ်မှ ကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန် ဝယ်ယူသည့် ကုန်စည်များ။ |
| **ကျောက်မျက်ရတနာနှင့်တွင်းထွက်ကုန်စည်များ** | |
| ၃၆ | ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ကျောက်မျက်ရတနာအရိုင်းထည်၊ အချောထည်များ။ |
| ၃၇ | ရေနံချေး။ |
| **အထွေထွေကုန်စည်များ** | |
| ၃၈ | ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာတွင် ရောင်းချသည့်ပစ္စည်းများ။ |
| ၃၉ | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပြု၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြားအပြန်အလှန်အခွင့်အရေးမူကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများအသုံးပြုမည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် ကုန်စည်များ။ |
| ၄၀ | ပြည်တွင်း ပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသောကုန်စည်များ။ |
| ၄၁ | နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ။ |
| ၄၂ | အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များ။ |

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုး အပေါ်တွင်လည်းကောင်း ငါး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းမှ တစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်း အတွက် ရောင်းရငွေအပေါ် ငါး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည် -

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှု ဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ -

| စဉ် | ဝန်ဆောင်မှုအမျိုးအမည် |
|---|---|
| **နိုင်ငံခြားရေးကဏ္ဍ** | |
| ၁ | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှအဆိုပြု၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမူကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများက ရယူသည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| **ကာကွယ်ရေးကဏ္ဍ** | |
| ၂ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှု လုပ်ငန်း။ |
| **သာသနာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ** | |
| ၃ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ** | |
| ၄ | ယာဉ်များရပ်နားရန် နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၅ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပ ဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။ |
| ၆ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၇ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | ပြည်တွင်း ပြည်ပလေကြောင်းခရီးသည် ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်သည့်စာတိုက်ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပညာရေးနှင့် ပြန်ကြားရေးကဏ္ဍ** | |
| ၁၁ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၂ | စာအုပ်စာပေ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာထုတ်ဝေရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **ကျန်းမာရေးကဏ္ဍ** | |
| ၁၃ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၄ | ရိုးရာအကြောပြင် ဝန်ဆောင်မှုလုပ်ငန်း/မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |

| စဉ် | ဝန်ဆောင်မှုအမျိုးအမည် |
|---|---|
| **စီမံကိန်းနှင့် ဘဏ္ဍာရေးကဏ္ဍ** | |
| ၁၇ | အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၈ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | ဘဏ်နှင့်ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | အောင်ဘာလေသိန်းထီလုပ်ငန်း။ |
| **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကဏ္ဍ** | |
| ၂၃ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၄ | နာရေး ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၅ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **စက်မှုနှင့် လျှပ်စစ်ကဏ္ဍ** | |
| ၂၆ | ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၇ | စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၈ | မဟာဓာတ်အားလိုင်းနှင့်ဆက်သွယ်ခြင်းမရှိသေးသော ဒေသများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသော ပုဂ္ဂလိကအသေးစား လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းများ။ |
| **အထွေထွေကဏ္ဍ** | |
| ၂၉ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၃၀ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၁ | ပြည်တွင်း ပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃၂ | နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာန စသည့် အဖွဲ့အစည်းအချင်းချင်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်မှုရယူခြင်းမပါ)။ |

(င) ပုဒ်မခွဲ (ဃ) ပါ ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(စ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အအုံ ဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ အဆောက်အအုံ ဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများပါတာဝန်ကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများအားလုံးကိုလည်း ခံစားခွင့်ရှိစေရမည်။

(ဆ) ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း တစ် ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ သို့ရာတွင် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌

ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှ တင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့ တင်ပို့စဉ် ပေးဆောင်ရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့် မရှိစေရ။

၁၅။ (က) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ပြုနိုင်သည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်း မပြုရ -

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ် သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ် သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ် သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန် လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန်ပေးပို့ ထုတ်ယူလိုသည့် ကုန်စည်များအပေါ် အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုးသတ်မှတ်ချက် (De minimis Value Threshold)။

ရှင်းလင်းချက်။ (၁) နှစ်တစ်နှစ်အတွင်း ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ် သိန်း ၅၀၀ ဆိုရာတွင် လုပ်ငန်းစတင်သည့်လ အပါအဝင်တစ်ဆက်တည်းဖြစ်သည့် နောင်လာမည့် ၁၂ လအတွင်း ရရှိမည့်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို ဆိုသည်။

(၂) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေရှိမည့်သူ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန်ခုနှိမ်ခွင့်ခံစားလိုသူ မည်သူမဆို မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရမည်။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါ နိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့ တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ် ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါး ရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုည ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ

ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့် စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေ တောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှု ရငွေပမာဏသတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၈။ ဤဥပဒေ၏ အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)
## ဝင်ငွေခွန်

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေ ကျပ် ၄၈ သိန်း အထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန် စည်းကြပ်ခြင်းမပြုရ။ ထိုသို့ စည်းကြပ်ခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်ရသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကို တောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်း အခွန်များဦးစီးဌာနက ထုတ်ပေးရမည်။

(ခ) သို့ရာတွင် လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေ ကျပ် ၄၈ သိန်း အထက်ရရှိသူဖြစ်လျှင် ရရှိသည့် လစာဝင်ငွေ စုစုပေါင်းအပေါ်တွင် ဝင်ငွေခွန် ထမ်းဆောင်ရမည်။

(ဂ) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေ ကျပ် ၄၈ သိန်း အထက် ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထား များကို အောက်ပါအတိုင်း သတ်မှတ်သည် -

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| ၂ | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၆ | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံ ငှားရမ်းခြင်းနှင့် အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခ ရငွေအပေါ် ပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ငွေအပေါ် တစ်ဆယ် ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့်ခွင့်ပြုမိန့်ဖြင့်

ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

(င) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ သက်သာခွင့်နုတ်ပယ်ပြီးနောက် ပုဒ်မခွဲ (ဂ) ဇယားပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ထမ်းဆောင်ရမည်။

(စ) ဤပုဒ်မပါ ဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူ တစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားဝင်ငွေခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့်သက်ဆိုင်ခြင်း မရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့်ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေ ဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ် သိန်း ၁၀၀ ထက်မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အောက်ပါသက်သာခွင့်ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ပါ တစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းကြပ်ရမည် -

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၃။ (က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်ပယ်မီ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

(၁) မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၄။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုရ။ ယင်း၏ စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဤဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၅။ (က) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်း

တင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့် ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်း တို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့်ကိစ္စရပ် များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ -

| အမှတ်စဉ် | ဝင်ငွေ (ကျပ်) | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၁၀၀,၀၀၀,၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၁၀၀,၀၀၀,၀၀၁ | ၃၀၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၃၀၀,၀၀၀,၀၀၁ | ၁,၀၀၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁,၀၀၀,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၃,၀၀၀,၀၀၀,၀၀၁ နှင့်အထက် | | ၃၀ ရာခိုင်နှုန်း |

(ခ) ပုဒ်မခွဲ (က) ပါ စည်းကြပ်မှုမှလွတ်ကင်းနေသည့် ဝင်ငွေဆိုသည်မှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မတိုင်မီက စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေကို ဆိုသည်။

(ဂ) ပုဒ်မခွဲ (က) ပါ အခွန်သက်သာခွင့်နှုန်းထားများသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိသာ အကျိုးသက်ရောက်စေရမည်။

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဤဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ ဝင်ငွေခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ -

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင်မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

| မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|
| (၁) ညီမျှကျပ် သန်းပေါင်း (၁၀၀,၀၀၀) အထိ | ၄၀ ရာခိုင်နှုန်း |
| (၂) ညီမျှကျပ် သန်းပေါင်း (၁၀၀,၀၀၀) အထက်မှ (၁၅၀,၀၀၀) အထိ | ၄၅ ရာခိုင်နှုန်း |
| (၃) ညီမျှကျပ် သန်းပေါင်း (၁၅၀,၀၀၀) အထက် | ၅၀ ရာခိုင်နှုန်း |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကို ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ် သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင် အမြတ်ဝင်ငွေ ကျပ် သိန်း ၁၀၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါ ဝင်ငွေထက်ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေ ခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည် -

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေအရ ဖမ်းဆီးရမှု အပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်း ဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်းဝင်ငွေ၊

(၃) နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

(၄) ပြည်ပနေ နိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှ ဝင်ငွေ၊

(၅) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ၊

(၆) အငြိမ်းစားယူသည့်အခါ ရရှိသည့် ပင်စင်၊ ပင်စင်မှပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက် ဆုငွေ (Gratuity)၊

(၇) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည်-

(၁) ပြည်တွင်း ပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) ငွေချေးသက်သေခံလက်မှတ် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန် ကိစ္စရပ်များ။

၃၂။ ဤဥပဒေ အခန်း (၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန် ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း (၈)
## ရတနာခွန်

၃၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၃၈ အရ ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက် ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကို ဖြစ်စေ ယင်းတို့နှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းထားများအတိုင်း ရတနာခွန် ကျသင့်စေရမည်။ ကောက်ခံရရှိသည့် ရတနာခွန်နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ သက်ဆိုင်ရာဘဏ်စာရင်းသို့ လွှဲပြောင်းပေးသွင်းရမည် -

(က) ကျောက်မျက်ရတနာများရောင်းချခြင်းဖြစ်ပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုးအပေါ်တွင် လည်းကောင်း၊ အမှန်တကယ်ရောင်းချသည့်တန်ဖိုးအပေါ် အခြေပြု၍ မြန်မာ့ကျောက်မျက် ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက သတ်မှတ်သည့် ရောင်းဈေးတန်ဖိုးအပေါ်တွင်လည်းကောင်း၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးအပေါ်တွင်လည်းကောင်း၊

( ခ ) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း။

| စဉ် | ကျောက်မျက်ရတနာအမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | ကျောက်စိမ်း အရိုင်းထည်များ။ | ၁၁ ရာခိုင်နှုန်း |
| ၂ | စိန်နှင့်မြမှအပ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၉ ရာခိုင်နှုန်း |
| ၃ | စိန်နှင့်မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့်အခြားအဖိုးတန်ကျောက်မျက်ရတနာအချောထည်များ၊ စိန်နှင့်မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာများစွဲကပ်ထားသည့် လက်ဝတ်ရတနာ အချောထည်များ။ | ၅ ရာခိုင်နှုန်း |
| ၄ | ကျောက်မျက်ရတနာဖြင့်ပြုလုပ်သောပစ္စည်းများ။ | ၅ ရာခိုင်နှုန်း |

## အခန်း (၉)
## အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့်နှုန်းထားများ

၃၄။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါအခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့် နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် -

(က) ယစ်မျိုးခွန်၊

( ခ ) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

( ဂ ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခကြေးငွေများ၊

( င ) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊

( စ ) ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များ အတွက် လိုင်စင်ကြေး၊

(ဆ) အကောက်ခွန်၊

( ဇ ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊

(ဈ) ရေခွန်၊

(ည) တာတမံခွန်၊

( ဋ ) သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊

( ဌ ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊

( ဍ ) ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊

( ဎ ) ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊

(ထ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊

( ဒ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန်။

## အခန်း (၁၀)
## အထွေထွေ

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့်ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိက မှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည် -

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့် ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် အာဆီယံလွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ အမြင့်ဆုံး ရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန် ခွင့်ပြုခြင်းနှင့် ခွဲတမ်း သတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ် ပြုခြင်းနှင့် ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ (က) ပါ လုပ်ငန်းရပ်များကို အကောင်အထည် ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) ပါ အသုံးစရိတ်များအား အခွန် ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန် အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၈။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသူအားလည်းကောင်း ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါ ဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုရ -

(က) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန် မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူနှင့် သတ်မှတ်အခွန် အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်သည့် အထူးကုန်စည်ထုတ်လုပ်သူတို့အပေါ် အထူး ကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (စ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေများ၊

(ခ) ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ် ရရှိပိုင်ဆိုင်ထားသူအပေါ် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၃၉။ (က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (စ) တွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း

အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့် အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါ ငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည် -

(၁) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၅ သိန်း၊

(၂) ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊

(၃) တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၅ သိန်း၊

(၄) တတိယအကြိမ်နှင့်အထက် ပျက်ကွက်ခြင်းအတွက် ကျပ် ၂၀ သိန်း။

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော ကုန်စည်ကို လက်ရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

၄၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများနှင့်စပ်လျဉ်း၍ ဆုကြေးငွေချီးမြှင့်ခြင်းကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည် -

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှု ရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့် ညီမျှသော အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် ဤဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ၊

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန်သတ်မှတ်ထားသော ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်းအတွက် ဤဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဇယား (၁)

**ပြည်ထောင်စု၏ အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်**

**(ကျပ်သန်းပေါင်း)**

| **အမှတ်စဉ်** | | **ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ** | **အကြောင်းအရာ** | **၂၀၁၉ ခန့်မှန်းခြေ** |
|---|---|---|---|---|
| **၁** | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၄,၀၈၇,၁၄၃. ၃၅၃** |
| | ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၁,၁၃၀. ၀၃၃ |
| | ၂ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၂,၂၂၇,၉၆၄. ၃၉၆ |
| | ၃ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၆,၀၀၀. ၀၀၀ |
| | ၄ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊ | ၁၆၅,၀၀၀. ၀၀၀ |

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၉ ခန့်မှန်းခြေ |
|---|---|---|---|---|
| | ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခကြေးငွေများ၊ | ၁၅၂,၂၀၀. ၀၀၀ |
| | ၆ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊ | ၈၅,၄၀၇. ၉၇၂ |
| | ၇ | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၈၉၉. ၅၄၀ |
| | ၈ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၁,၃၄၈,၅၄၁. ၄၁၂ |
| | ၉ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ရတနာခွန်၊ | ၁၀၀,၀၀၀. ၀၀၀ |
| ၂ | | | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂,၄၇၃,၆၈၅. ၀၂၉** |
| | ၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၂,၄၇၃,၆၈၅. ၀၂၉ |
| ၃ | | | **အကောက်ခွန်** | **၅၂၀,၀၀၀. ၀၀၀** |
| | ၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၅၂၀,၀၀၀. ၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၈၈၈,၅၆၉. ၅၀၂** |
| | ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန | မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ | ၁၇. ၅၃၉ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၇၇. ၅၂၃ |
| | ၃ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန | တာတမံခွန်၊ | ၁. ၂၆၀ |
| | ၄ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၅,၈၀၂. ၆၃၃ |
| | ၅ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊ | ၆၃. ၄၄၄ |
| | ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၃,၀၀၀. ၀၀၀ |
| | ၇ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန်၊ | ၄၅၇,၇၅၅. ၃၂၈ |
| | ၈ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊ | ၃၀,၃၈၆. ၈၇၄ |
| | ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင် ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊ | ၃၇၈,၅၉၅. ၂၀၀ |
| | ၁၀ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အား၊ | ၁၂,၁၉၇. ၀၀၀ |
| | ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံ ရရှိသည့် အခွန်။ | ၆၇၂. ၇၀၁ |
| | | | **စုစုပေါင်း** | **၇,၉၆၉,၃၉၇. ၈၈၄** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၈၈၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ဇလွန်မြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ထက်ထက်ပိုးဥ (တ/၃၄၅၆) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၈၈၂/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ချမ်းမြသာစည်မြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်လှယဉ်ဝင်း (တ/၃၀၉၆) အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၈၈၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ သံတောင်ကြီးမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး ဦးနိုင်လင်း (တ/၃၄၉၇) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၉၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါအတိုင်း ပြောင်းလဲတာဝန်ပေးအပ်လိုက်သည် -

(၁) ဦးစိုးတင့် ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

(၂) ဦးလေးမြင့် အဖွဲ့ဝင် (၂)၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၉၄/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

**ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဦးအောင်သန်းမြင့် ကို ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၃) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၉၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

**ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဦးခင်မောင်မြင့် ကို ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၅) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၉၆/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဒေါ်မြဝင်းရည် ကို ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၄) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၉၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဦးထွန်းအောင် ကို ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၄) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၀၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

**ခရီးသွားလုပ်ငန်းကော်မတီတွင် အတွင်းရေးမှူးရာထူးနှင့် အဖွဲ့ဝင်အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သည့် ခရီးသွားလုပ်ငန်းကော်မတီတွင် အတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ဦးဗရတ်ဆင်း **အစား** ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးမောင်မောင်ကျော် အားလည်းကောင်း၊ အဖွဲ့ဝင် မွန်ပြည်နယ်အစိုးရအဖွဲ့မှ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီး ဦးဝဏ္ဏကျော် **အစား** လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန၊ ဝန်ကြီး ဦးထွန်းမင်းအောင် အားလည်းကောင်း အစားထိုးပြင်ဆင် ဖွဲ့စည်းလိုက်သည်။

ဟင်နရီဗန်ထီးယူ

ဥက္ကဋ္ဌ

အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၃၁၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

၁။ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ကန်ပက်လက်မြို့၊ အမှတ် (၁) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂၈/မြို့မ-၁)၊ မြေကွက်အမှတ် (၄၀၇/၄)၊ ဦးပိုင်အမှတ် (၉၉၅)၊ **မြေဧရိယာ ၀. ၀၈၂ ဧက** ရှိ မြေအား ပြည်ထဲရေးဝန်ကြီးဌာန၊ **ကန်ပက်လက်မြို့နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ ပြည်ထဲရေးဝန်ကြီးဌာနသို့ အခမဲ့ လွှဲပြောင်း ပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်ပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

### အမိန့်ကြော်ငြာစာ (၃၁၄/၂၀၁၉)

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂၃၇/ရုံးပေါင်းစုံရပ်)၊ ဦးပိုင်အမှတ် (၁၅-ဃ)၊ မြေကွက်အမှတ် (၁၅/၁၈)၊ **မြေဧရိယာ ၀. ၃၂၁ ဧက** ရှိမြေအား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ **တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနသို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်ပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

### အမိန့်ကြော်ငြာစာ (၃၁၅/၂၀၁၉)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇/၆-သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ် (၃)၊ **မြေဧရိယာ (၀. ၆၂၀) ဧက** ရှိ မြေအား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ **ဗဟိုစာရင်းအင်းအဖွဲ့ (တိုင်းဒေသကြီး)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်ပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

### အမိန့်ကြော်ငြာစာ (၃၁၆/၂၀၁၉)

၁။ ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ မူဆယ်မြို့၊ စွမ်ခေါ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (ရွှေသမင်တိုးချဲ့ကွက်သစ်)၊ ဦးပိုင်အမှတ် (၅-က)၊ **မြေဧရိယာ ၀. ၀၈၈ ဧက** ရှိမြေအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ **အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်ပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

### အမိန့်ကြော်ငြာစာ (၃၁၇/၂၀၁၉)

၁။ ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့၊ အမှတ် (၃) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၄၅/ဆေးရုံရပ်)၊ ဦးပိုင်အမှတ် (၆/က၊ ၆/ခ) ရှိ မြေဧရိယာ ၇. ၁၉၉ ဧကနှင့် ကွင်း/အကွက်အမှတ်နှင့် အမည် (၄၄/ဆေးရုံရပ်)၊ ဦးပိုင်အမှတ် (၁၀) ရှိမြေဧရိယာ ၂၃. ၄၈၅ ဧက **စုစုပေါင်းမြေဧရိယာ ၃၀. ၆၈၄ ဧက**

ရှိမြေအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ **ခုတင် (၁၀၀) ဆံ့ပြည်သူ့ဆေးရုံ၊ နမ့်ခမ်းမြို့** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၁၈/၂၀၁၉)

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ တောင်လေးလုံးကျေးရွာအုပ်စု၊ ကွင်း/အကွက် အမှတ်နှင့် အမည် (၁၀၀/၂/ဂေါ်ရခါးရွာမ)၊ ဦးပိုင်အမှတ် (၁၃)၊ မြေဧရိယာ ၁၅၈. ၈၆ ဧက အနက်မှ ဦးပိုင်အမှတ် (၁၃/၂)၊ မြေဧရိယာ (၂. ၀၀) ဧကရှိမြေအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ **(၆၆/၁၁) ကေဗွီဓာတ်အားခွဲရုံ (တောင်လေးလုံး)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၁၉/၂၀၁၉)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်၊ ဝွေးပင်တောကျေးရွာအုပ်စု၊ ကွင်း/ အကွက် အမှတ်နှင့် အမည် (၂၉၀/ကုန်းလယ်ကျင်း)၊ ဦးပိုင်အမှတ် (၈၅၊ ၉၃၊ ၉၄၊ ၉၅၊ ၉၆)၊ **မြေဧရိယာ ၈. ၃၆ ဧက** ရှိ မြေအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ **အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန (မြင်းမူမြို့)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၂၀/၂၀၁၉)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့၊ တမာမြိုင်ရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၂၀၂/ဘုန်းကြီးဆည်ကွင်း)၊ ဦးပိုင်အမှတ် (၁၀၇)၊ မြေဧရိယာ (၀. ၈၀) ဧကရှိမြေအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ **မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ချောင်းဦးမြို့)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည် အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၄၂/၂၀၁၉)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၇၇၇/သောတာပန်မြောက်)၊ ဦးပိုင်အမှတ် (၁၆) ရှိ **သီတဂူဝိပဿနာအကယ်ဒမီကျောင်းတိုက်** အခွန်လွတ်သာသနာမြေဧရိယာ **၂. ၄၆ ဧက** အနက်မှ ဦးပိုင်အမှတ် (၁၆/၂) ရှိ မြေဧရိယာ **၀. ၆၄ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမ သီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက် မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယကာ ဦးစိုးဝင်း [၅/စကန (နိုင်) ၀၄၀၇၂၇] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၄၃/၂၀၁၉)

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ သခွတ္တောကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၃၄၃၇/သခွတ္တောရွာမကွင်း)၊ ဦးပိုင်အမှတ် (၁၁၆/၁) ရှိ **ဆရာတော် ဘဒ္ဒန္တရာဇိန္ဒ၊ လှိုင်ရတနာ**

**စာသင်တိုက်ဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာမြေဧရိယာ **၁. ၅၀ ဧက** အနက်မှ **၀. ၀၈ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယကာ ဦးမြင့်ဆွေ [၇/ရတန (နိုင်) ၀၁၁၃၉၂] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၄၄/၂၀၁၉)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ လွယ်မောကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (၃၀/လွယ်မောရွာမကွင်း)၊ ဦးပိုင်အမှတ် (၈၃/၄)၊ မြေကွက်အမှတ် (၁/၈၇၀) ရှိ **ချမ်းမြေ့ဓမ္မရိပ်သာ** အခွန်လွတ်သာသနာမြေဧရိယာ **၆. ၁၀ ဧက** အနက်မှ **၀. ၀၆ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ ဦးစိန်ဝင်း၊ ဥက္ကဋ္ဌ ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၄၅/၂၀၁၉)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ပင်လောင်းမြို့၊ ရင်းမိုးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂/ညောင်ကုန်း)၊ ဦးပိုင်အမှတ် (၈၉) ရှိ **မြသိန်းတန်ဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာမြေဧရိယာ **၅. ၅၀၉ ဧက** အနက်မှ **၀. ၀၈၃ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယကာ ဦးခွန်လှဆန်း [၁၃/ပလန (နိုင်) ၀၄၅၇၂၁] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၄၆/၂၀၁၉)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အကွက်အမှတ်/အမည် -၃၂ိ/ ပန်းခြံကုန်း၊ ဦးပိုင်အမှတ် (၇/၃) ရှိ **ရွှေကုံ့ကော်ကျောင်း** အခွန်လွတ်သာသနာမြေဧရိယာ ၀. ၀၉၈ ဧက အနက်မှ **၀. ၀၀၅ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၅၂ နှင့်အညီ **သိမ်ဒါယကာ ဦးနိုင်မြင့်မိုး [၁၀/ကထန (နိုင်) ၀၀၃၆၉၇]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၄၇/၂၀၁၉)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ကွင်းအမှတ်/အမည် - ၁၁၂၉/ ဝဲကျော်ကွင်း၊ ဦးပိုင်အမှတ် (၁၇၁)၊ မြေကွက်အမှတ် (၁/၁၄၄၇) ရှိ **ဘုရားငါးဆူတောင်ပေါ်ကျောင်းတိုက်၊ ဝေဘူကမ္မဋ္ဌာန်းရိပ်သာ** အခွန်လွတ်သာသနာမြေဧရိယာ ၁. ၉၈ ဧကအနက်မှ **၀. ၀၆ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၄ နှင့်အညီ **ကျောင်းဒါယကာ ဦးမျိုးဆန်း [၁၀/ရမန (နိုင်) ၀၀၄၆၆၈]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၄၈/၂၀၁၉)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အကွက်အမှတ်/အမည် - ၄၂/ ဖက်တန်း၊ ဦးပိုင်အမှတ် (၅) ရှိ **ကြံခင်းဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာမြေဧရိယာ ၀. ၃၅၆ ဧကအနက်မှ **၀. ၀၂၃ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၅၂ နှင့်အညီ **သိမ်ဒါယကာ ဦးအုန်းသင် [၁၀/မလမ (နိုင်) ၀၉၇၆၃၁]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မင်းသူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၈/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

**ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ ဘူးသီးတောင်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၄,၇၂၁) ဧကရှိသော နယ်မြေကို "စိုင်းတင်တိုးချဲ့ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ မြို့မချောင်းရွာ၏ အနောက်တောင်ဘက် စိုင်းတင်ချောင်း၏ အရှေ့တောင်ဘက် ခန့်မှန်းမြေပုံညွှန်း (M-၆၂၈၄၁၈) မှအစပြု၍ အရှေ့ဘက်သို့ ကွမ်းဂျိုင်တောင်တန်းအတိုင်း (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-၆၄၀၄၂၀) ထိ၊ ထိုမှ အရှေ့ဘက်သို့ တောင်ကြောများကိုဖြတ်၍ (၅) ဖာလုံခန့် စုန်ဆင်းလာရာ ခန့်မှန်းမြေပုံညွှန်း (M-၆၅၀၄၂၀) ထိ၊ ထိုမှ အရှေ့ဘက်သို့ တောင်ကြောအတိုင်း (၃) ဖာလုံခန့်လာရာ စိုင်းတင်ကြိုးပြင်ကာကွယ်တောနယ်နိမိတ်ဆုံရာ စိုင်းတင်ကြိုးပြင်ကာကွယ်တော ဘုတ်တိုင်အမှတ် (၁၄)၊ ခန့်မှန်းမြေပုံညွှန်း (M-၆၅၈၄၁၇) ထိ၊

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ ပြင်ချောင်းအတိုင်း (၁) မိုင် (၆) ဖာလုံခန့် ဆန်တက်လာရာ မြောချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (M-၆၆၁၃၈၈) ထိ၊ ထိုမှ အနောက်ဘက်သို့ မြောချောင်းအတိုင်း (၆) ဖာလုံခန့်စုန်ဆင်းလာရာ ခန့်မှန်းမြေပုံညွှန်း (M-၆၅၀၃၈၆) ထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ စိုင်းတင်ကြိုးပြင်ကာကွယ်တောနယ်နိမိတ်ဖြစ်သည့် မြောချောင်းအတိုင်း (၂) မိုင်ခန့်လာရာ စိုင်းတင်ကြိုးပြင်ကာကွယ်တောဘုတ်တိုင်အမှတ် (၃၈) ခန့်မှန်းမြေပုံညွှန်း (M-၆၂၆၃၆၆) ထိ၊ ထိုမှ မြောက်ဘက်သို့ မြောချောင်းလက်တက်အတိုင်း (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-၆၂၈၃၇၈) ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-၆၂၅၃၇၉) ထိ၊ ထိုမှ တောင်ဘက်သို့ ဂန္ဓဝေါက်တောင်ကြောအတိုင်း (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-၆၂၄၃၆၇) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-၆၁၃၃၆၆) ထိ၊ ထိုမှ အရှေ့ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-၆၁၆၃၆၅) ထိ၊

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ခြေတစ်လျှောက် ဌာနစိုက်ခင်းဟောင်းများ၏ နယ်နိမိတ်အတိုင်း (၂) မိုင် (၂) ဖာလုံခန့်လာရာ ဘူးသီးတောင်-ကျောက်တော်ကားလမ်းဟောင်းအနီး ခန့်မှန်းမြေပုံညွှန်း (M-၅၉၉၃၈၅) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ဌာနစိုက်ခင်းဟောင်းများ၏ နယ်နိမိတ်တောင်ခြေရင်းအတိုင်း (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-၆၀၃၃၉၄) ထိ၊ ထိုမှ အရှေ့ဘက်သို့ တောင်ခြေရင်းအတိုင်း (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-၆၁၄၃၉၅) ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ကွမ်းဂျိုင်တောင်ခြေရင်းအတိုင်း (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-၆၁၂၄၀၀) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ စိုင်းတင်ချောင်းနှင့်အပြိုင် တောင်ခြေရင်းအတိုင်း (၁) မိုင် (၆) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (M-၆၂၈၄၁၈) ထိ။

၃။ **တားမြစ်ချက်များ**

"စိုင်းတင်တိုးချဲ့ကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင်အဆိပ်ခတ်ခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

(ဇ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့်အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၁၉)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ အမ်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁,၉၀၀) ဧကရှိသော နယ်မြေကို "အိုးပုံကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ အမ်း-မအီကားလမ်း မိုင်တိုင်အမှတ် (၁၂ မိုင် ၃ ဖာလုံ) အနီး ခန့်မှန်းမြေပုံညွှန်း (Y-၁၈၀၈၄၈) မှအစပြု၍ အရှေ့တောင်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၉၀၈၄၆) အထိ၊ ထိုမှ တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၉၀၈၄၂) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၈၆၈၃၅) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၈၇၈၃၅) အထိ၊ ထိုမှ တောင်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၈၇၈၂၉) အထိ၊ ထိုမှ အနောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်း

မြေပုံညွှန်း (Y-၁၈၄၈၂၉) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၈၅၈၂၈) အထိ၊ ထိုမှ တောင်ဘက်သို့ ဒိုးတန်းချောင်းကိုဖြတ်၍ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၈၅၈၂၃) အထိ၊ ထိုမှ အနောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၈၂၈၂၃) အထိ၊ ထိုမှ တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၈၂၈၂၂) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၈၈၈၂၂) အထိ၊ ထိုမှ တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၈၈၈၁၅) အထိ၊ ထိုမှ အနောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၈၆၈၁၅) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၉၂၈၁၂) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၅) ဖာလုံခန့်လာရာ အိုးပုံချောင်းနံဘေး ခန့်မှန်းမြေပုံညွှန်း (Y-၁၉၀၈၀၄) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၈၄၈၀၉) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ အိုးပုံချောင်းကိုဖြတ်၍ (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၉၁၇၉၉) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ အိုးပုံချောင်းကိုဖြတ်၍ (၁) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၉၈၈၁၃) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ပျဉ်ချောင်းလက်တက်အဆုံး ခန့်မှန်းမြေပုံညွှန်း (Y-၁၉၆၈၁၆) အထိ၊ ထိုမှ မြောက်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၉၇၈၂၆) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၉၅၈၃၅) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ လောင်းချောင်းနံဘေး ခန့်မှန်းမြေပုံညွှန်း (Y-၁၉၈၈၄၂) အထိ၊ ထိုမှ အရှေ့မြောက်ဘက်ယွန်းယွန်းသို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၂၀၄၈၄၅) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၂၀၃၈၄၆) အထိ၊ ထိုမှ အနောက်မြောက်ဘက်ယွန်းယွန်းသို့ ကောက်ကွေ့ချောင်းဖျားအတိုင်း (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၉၆၈၅၃) အထိ၊ ထိုမှ သင်ပန်းချောင်းအတိုင်း အရှေ့မြောက်ဘက်သို့ (၁) မိုင် (၅) ဖာလုံခန့် ဆန်တက်လာရာ သင်ပန်းချောင်းဖျားနှင့်ရှူး-မအီ ကြိုးပြင်ကာကွယ်တော နယ်နိမိတ်အစပ် တောင်ကုန်းအမှတ် (၂၀၄၇) အနီး ခန့်မှန်းမြေပုံညွှန်း (Y-၂၁၅၈၆၀) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ ရှူး-မအီကြိုးပြင်ကာကွယ်တော နယ်နိမိတ်အတိုင်း လောင်းတောင် တောင်ကြောတစ်လျှောက် အရှေ့တောင်ဘက်သို့ (၁) မိုင် (၅) ဖာလုံခန့်ကျော်လာရာ ကောက်ကွေ့ချောင်းဖျား ခန့်မှန်းမြေပုံညွှန်း (Y-၂၁၇၈၃၈) အထိ၊ ထိုမှ ရှူး-မအီကြိုးပြင်ကာကွယ်တော နယ်နိမိတ်အတိုင်း အနောက်မြောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၂၁၂၈၂၉) အထိ၊ ထိုမှ ရှူး-မအီကြိုးပြင်ကာကွယ်တော နယ်နိမိတ်အတိုင်း အနောက်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၉၉၈၂၇) အထိ၊ ထိုမှ ရှူး-မအီကြိုးပြင်ကာကွယ်တော နယ်နိမိတ်အတိုင်း တောင်ဘက်သို့ (၂) မိုင်ခန့်လာရာ အိုးပုံချောင်းဖျား ခန့်မှန်းမြေပုံညွှန်း (Y-၁၉၇၈၀၂) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၁၈၃၂) အနီး သံပရာချောင်းဖျား ခန့်မှန်းမြေပုံညွှန်း (Y-၁၉၂၇၉၄) အထိ၊ ထိုမှ သံပရာချောင်းရိုးအတိုင်း (၁) မိုင် (၂) ဖာလုံခန့်ဆင်းလာရာ အမ်း-မအီကားလမ်း မိုင်တိုင်အမှတ် (၁၆ မိုင် ၆ ဖာလုံ) အနီး ခန့်မှန်းမြေပုံညွှန်း (Y-၁၈၂၈၁၁) အထိ၊

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ အိုးပုံရွာပါရမီတောရဘုန်းကြီးကျောင်း၏ နောက်ကျော ခန့်မှန်းမြေပုံညွှန်း (Y-၁၈၃၈၁၆) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁) မိုင်ခန့်လာရာ ဒိုးတန်းချောင်းဆုံ ခန့်မှန်းမြေပုံညွှန်း (Y-၁၈၁၈၂၉) အထိ၊ ထိုမှ အမ်း-မအီကားလမ်းအတိုင်း မြောက်ဘက်သို့ (၁) မိုင်ခန့်လာရာ ကားလမ်းနှင့် လောင်းချောင်းဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (Y-၁၇၉၈၄၅) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (Y-၁၈၀၈၄၈) အထိ။

၃။ **တားမြစ်ချက်များ**

"အိုးပုံကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင်အဆိပ်ခတ်ခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

(ဇ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| ၁ | အိုးပုံကျေးရွာရှိ အိမ်ထောင်စု (၁၃၀) စု အတွက် ကြိုးပြင်ကာကွယ်တောဧရိယာမှ နှစ်စဉ်မိမိသုံး တိုင်/မျော/ဝါး ထုတ်ယူခွင့်ပြုပေးပါရန်။ | (၃) နှစ် တစ်ကြိမ် အိုးပုံကျေးရွာအိမ်ထောင်စု (၁၃၀) စု အတွက် တိုင် (၁၃၀) လုံး၊ မျော (၂၆၀) လုံး၊ ဝါး (၆၅၀၀) လုံး ထုတ်ယူသုံးစွဲခွင့်ပြုခြင်း။ |
| ၂ | သင်ပန်းကျေးရွာရှိ အိမ်ထောင်စု (၂၁) စု အတွက် ကြိုးပြင်ကာကွယ်တောဧရိယာမှ နှစ်စဉ်မိမိသုံး တိုင်/မျော/ဝါး ထုတ်ယူခွင့်ပြုပါရန်။ | (၃) နှစ် တစ်ကြိမ် သင်ပန်းကျေးရွာအိမ်ထောင်စု (၂၁) စု အတွက် တိုင် (၂၁) လုံး၊ မျော (၄၂) လုံး၊ ဝါး (၁၀၅၀) လုံး ထုတ်ယူသုံးစွဲခွင့်ပြုခြင်း။ |
| ၃ | အောက်ဇင်ဂေါင်ကျေးရွာရှိ အိမ်ထောင်စု (၃၀) စု အတွက် ကြိုးပြင်ကာကွယ်တောဧရိယာမှ နှစ်စဉ်မိမိသုံး တိုင်/မျော/ဝါး ထုတ်ယူခွင့်ပြုပါရန်။ | (၃) နှစ် တစ်ကြိမ် အောက်ဇင်ဂေါင်ကျေးရွာ အိမ်ထောင်စု (၃၀) စု အတွက် တိုင် (၃၀) လုံး၊ မျော (၆၀) လုံး၊ ဝါး (၁၅၀၀) လုံး ထုတ်ယူသုံးစွဲခွင့်ပြုခြင်း။ |
| ၄ | အထက်ဇင်ဂေါင်ကျေးရွာရှိ အိမ်ထောင်စု (၅၀) စု အတွက် ကြိုးပြင်ကာကွယ်တောဧရိယာမှ နှစ်စဉ်မိမိသုံး တိုင်/မျော/ဝါး ထုတ်ယူခွင့်ပြုပါရန်။ | (၃) နှစ် တစ်ကြိမ် အထက်ဇင်ဂေါင်ကျေးရွာ အိမ်ထောင်စု (၅၀) စု အတွက် တိုင် (၅၀) လုံး၊ မျော (၁၀၀) လုံး၊ ဝါး (၂၅၀၀) လုံး ထုတ်ယူသုံးစွဲခွင့်ပြုခြင်း။ |
| ၅ | လူပျိုချောင်းကျေးရွာရှိ အိမ်ထောင်စု (၄၀) စု အတွက် ကြိုးပြင်ကာကွယ်တော ဧရိယာမှ နှစ်စဉ် မိမိသုံး တိုင်/မျော/ဝါး ထုတ်ယူခွင့်ပြုပါရန်။ | (၃) နှစ် တစ်ကြိမ် လူပျိုချောင်းကျေးရွာ အိမ်ထောင်စု (၄၀) စု အတွက် တိုင် (၄၀) လုံး၊ မျော (၈၀) လုံး၊ ဝါး (၂၀၀၀) လုံး ထုတ်ယူသုံးစွဲခွင့်ပြုခြင်း။ |
| ၆ | သံပုရာကျေးရွာရှိ အိမ်ထောင်စု (၄၇) စု အတွက် ကြိုးပြင်ကာကွယ်တောဧရိယာမှ နှစ်စဉ်မိမိသုံး တိုင်/မျော/ဝါး ထုတ်ယူခွင့်ပြုပါရန်။ | (၃) နှစ် တစ်ကြိမ် သံပုရာကျေးရွာ အိမ်ထောင်စု (၄၇) စုအတွက် တိုင် (၄၇) လုံး၊ မျော (၉၄) လုံး၊ ဝါး (၂၃၅၀) လုံး ထုတ်ယူသုံးစွဲခွင့်ပြုခြင်း။ |

၅။ ဖော်ပြပါ ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို အစိုးရကကြီးကြပ်နိုင်ခွင့်ရှိ၍ လုပ်ကိုင်သည့် လယ်ယာဥယျာဉ်ခြံမြေများပေါ်တွင် သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း သစ်တော ဦးစီးဌာနက အခွန်ကောက်ခံခွင့်ရှိသည်။ အဆိုပါ ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို ရရှိသူများသည် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာကျင့်သုံးရမည် -

(က) ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို အမည်ဖော်ပြထားသူများသာ ခံစားခွင့်ရှိ၍ ၎င်းတို့မှ ဆင်းသက်လာသူများနှင့် မသက်ဆိုင်စေရ၊

(ခ) လုပ်ကိုင်ခွင့်ရရှိသည့် လယ်ယာဥယျာဉ်ခြံမြေကို အသစ်တိုးချဲ့ခြင်း၊ ရောင်းချခြင်း မပြုရ၊

(ဂ) ထင်း၊ ခြံတိုင်နှင့် ဝါးများကို မိမိသုံးအတွက် ခွင့်ပြုခြင်းဖြစ်၍ ရောင်းချခြင်း မပြုရ။

၆။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက် တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၁၉)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့် များကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များ အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၅၅) ဧကရှိသော နယ်မြေကို "သဲကြီးဂနိုင်ရေထွက် ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ လက်ပံပင်-လယ်ကိုင်းရွာသွားလှည်းလမ်း ခန့်မှန်းမြေပုံညွှန်း (G-၉၇၁၅၉၅) မှစ၍ လှည်းလမ်းနှင့်အပြိုင် အရှေ့မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ ဒေသအခေါ် သုံးဖော်ကြား ခန့်မှန်းမြေပုံညွှန်း (G-၉၇၇၅၉၉) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ ရေဝေကြောအတိုင်း အရှေ့တောင်ဘက်သို့ (၁. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-၉၈၀၅၉၆) အထိ၊ ထိုမှ တောင်ဘက်သို့ ရေဝေခင်ကြောအတိုင်း (၁. ၂) ဖာလုံခန့်လာရာ ပွေးကြီးရိုးအတွင်းသို့စီးဝင်သော မြောင်လက်တက်ငယ်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (G-၉၈၀၅၉၄) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ (၀. ၅) ဖာလုံခန့် ပွေးကြီးရိုးအတွင်းသို့ စီးဝင်သော မြောင်လက်တက် အတိုင်းလာရာ ခန့်မှန်းမြေပုံညွှန်း (G-၉၇၈၅၉၄) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁. ၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-၉၇၈၅၉၆) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၀. ၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-၉၇၇၅၉၇) အထိ၊ ထိုမှ အနောက် တောင်ဘက်သို့ (၀. ၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-၉၇၆၅၉၆) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-၉၇၇၅၉၃) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ပွေးကြီးရိုးအတွင်းသို့စီးဝင်သော မြောင်လက်တက်အတိုင်း (၁. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-၉၇၄၅၉၀) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၂. ၃) ဖာလုံခန့်လာရာ မူလစတင်သည့် လက်ပံပင်- လယ်ကိုင်းရွာသွားလှည်းလမ်း ခန့်မှန်းမြေပုံညွှန်း (G-၉၇၁၅၉၅) အထိ။

၃။ **တားမြစ်ချက်များ**

"သဲကြီးဂနိုင်ရေထွက်ကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင်အဆိပ်ခတ်ခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

(ဇ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့်အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၁၉)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ဟိုပုံးမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၉၂၅) ဧကရှိသော နယ်မြေကို "နမ့်ခုတ်ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ဟိုလိရွာ အရှေ့မြောက်ဘက် ခန့်မှန်းမြေပုံညွှန်း (R-၈၀၇၉၇၇) မှအစပြု၍ အရှေ့မြောက်ယွန်းယွန်းသို့ (၁. ၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၀၈၉၇၉) အထိ၊ ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့ (၇. ၅) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၀၉၈၀) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၃. ၆) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၁၉၈၁) အထိ၊ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ (၂. ၇) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၁၉၈၀) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ (၇. ၈) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၂၉၇၉) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၄၉၇၇) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၃. ၅) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၄၉၇၆) အထိ၊ ထိုမှ အနောက်ဘက်သို့ (၁. ၁) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၃၉၇၆) အထိ၊ ထိုမှ တောင်ဘက်သို့ (၈) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၃၉၇၅) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) ဖာလုံ (၁) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၄၉၇၅) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၁. ၈) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၅၉၇၅) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၇) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၅၉၇၄) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၆. ၄) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၇၉၇၃) အထိ၊ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ (၆. ၆) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၈၉၇၃) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၃. ၇) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၉၉၇၂) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂. ၂) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၈၉၇၂) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၅. ၁) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၇၉၇၂) အထိ၊ ထိုမှ တောင်ဘက်သို့ (၆. ၅) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၇၉၇၁) အထိ၊ ထိုမှ အနောက်ဘက်သို့ (၆. ၆) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၆၉၇၁) အထိ၊ ထိုမှ တောင်ဘက်သို့ (၄. ၇) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၆၉၇၀) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၁. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၉၉၇၀) အထိ၊ ထိုမှ တောင်ဘက်သို့ (၄. ၈) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၉၉၆၉) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၆. ၅) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၈၉၆၈) အထိ၊ ထိုမှ တောင်ဘက်သို့ (၆. ၈) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၈၉၆၇) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂. ၆) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၈၉၆၆) အထိ၊ ထိုမှ တောင်ဘက်သို့ (၁. ၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၈၉၆၃) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁. ၈) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၈၉၆၂) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၈၉၆၀) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၂. ၉) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၉၉၆၀) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၆. ၂) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၉၉၅၉) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၄. ၉) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၈၉၅၈) အထိ၊ ထိုမှ တောင်ဘက်သို့ (၈. ၀) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၉၉၅၆) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၅. ၄) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၉၉၅၆) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၂၁၉၅၄) အထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ (၂. ၅) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၂၀၉၅၃) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၄. ၅) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၂၁၉၅၃) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂. ၅) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၂၁၉၅၂) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၄. ၁) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၂၁၉၅၁) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၅. ၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၂၅၉၄၀) နေရာအထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၇. ၉) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၂၄၉၃၉) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁. ၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၂၁၉၃၉) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၅. ၈) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၂၀၉၃၈) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁. ၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၉၉၄၁) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁. ၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၆၉၃၉) အထိ၊ ထိုမှ တောင်ဘက်သို့ (၁. ၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၆၉၃၆) အထိ၊ ထိုမှ အနောက်ဘက်သို့ (၆. ၄) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၅၉၃၆) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၁. ၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၃၂၉၃၉) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၃. ၀) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၃၉၃၉) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၂. ၈) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၃၉၄၀) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၁. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၆၉၄၀) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၆. ၄) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၇၉၄၂) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁. ၈) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၃၉၄၃) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၆. ၂) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၂၉၄၄) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၀၉၄၃) အထိ၊ ထိုမှ မြောက်ဘက်သို့ (၂. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၀၉၉၄၉) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၆) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၀၈၉၄၉) အထိ၊ ထိုမှ အနောက်ဘက်သို့ (၆. ၇) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၀၇၉၄၉) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၉. ၃) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၀၆၉၅၁) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁. ၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၀၉၉၅၃) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၄. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၀၅၉၆၂) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁. ၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၀၇၉၆၅) အထိ၊ ထိုမှ မြောက်ဘက်သို့ (၅. ၄) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (R-၈၀၇၉၇၇) နေရာအထိ။

**ချန်လှပ်ကွက် ဧရိယာ (၁၂. ၇) ဧက၏ နယ်နိမိတ်အလားအလာ (လွယ်ကန်မိုင်စေတီဘုရား သာသနာမြေ)**

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (R-၈၁၁၉၆၁) နေရာမှ အရှေ့ဘက်သို့ (၈. ၄) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၃၉၆၀) နေရာအထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၄၉၅၈) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ (၁. ၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၈၁၁၉၅၈) နေရာအထိ၊

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ (၁. ၂) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (R-၈၁၁၉၆၁) အထိ။

၃။ **တားမြစ်ချက်များ**

"နမ့်ခုတ်ကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင်အဆိပ်ခတ်ခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

(ဇ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၁၉)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁,၂၀၇) ဧကရှိသော နယ်မြေကို "ရွှေပြည်အေးကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ တောင်ကုန်းအမြင့် (၄၂၇၆) ပေအနီး ခန့်မှန်းမြေပုံညွှန်း (R-၅၀၀၁၁၅) နေရာမှစ၍ အရှေ့ဘက်ယွန်းယွန်းသို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၅၀၇၁၁၇) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၅၀၈၁၁၈) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ တောင်ခြေအတိုင်း (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၅၀၇၁၀၉) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၅၀၉၁၀၈) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ တောင်ခြေအတိုင်း (၂. ၅) ဖာလုံခန့်လာရာ တောင်ကုန်းအမြင့် (၄၅၀၀) ပေ၏ လျှိုမြောင်ကြားသို့ရောက်ရာ ခန့်မှန်းမြေပုံညွှန်း (R-၅၀၇၁၀၄) အထိ၊ ထိုမှ တောင်ဘက်သို့ (၁. ၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၅၀၈၁၀၃) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၃. ၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၅၁၃၁၀၆) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၁. ၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၅၁၅၁၀၆) အထိ၊ ထိုမှ တောင်ဘက်သို့ (၁. ၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၅၁၅၁၀၄) အထိ၊ ထိုမှ အနောက်ဘက်သို့ (၁. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၅၁၃၁၀၃) အထိ၊ ထိုမှ တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၅၁၃၀၈၈) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၅၁၂၀၈၆) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၅၁၃၀၈၄) အထိ၊ ထိုမှ တောင်ဘက်သို့ (၁. ၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၅၁၄၀၈၂) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၂. ၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၅၁၇၀၈၂) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၅၁၈၀၈၆) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၂. ၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၅၂၁၀၈၂) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ လှည်းလမ်းကိုဖြတ်၍ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၅၁၆၀၇၉) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၃. ၆) ဖာလုံခန့်လာရာ လှည်းလမ်းနှင့် လျှိုမြောင်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (R-၅၁၃၀၇၄) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (R-၅၀၀၀၆၅) အထိ၊

အနောက်ဘက် ။ ။ ထိုမှ မြောက်ယွန်းယွန်းသို့ တောင်ကြောအတိုင်း (၂. ၇) မိုင်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (R-၅၀၀၁၁၅) အထိ။

၃။ **တားမြစ်ချက်များ**

"ရွှေပြည်အေးကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင်အဆိပ်ခတ်ခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

(ဇ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၁၉)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၉၄၀) ဧကရှိသော နယ်မြေကို "မယ်ဟန်ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (ST-၆၄၄၄၈၅) မှအစပြု၍ တောင်ဘက်သို့ (၁) ဖာလုံ (၃) သံကြိုးခန့်လာရာ နောင်လုံရွာဟောင်းထိပ် ခန့်မှန်းမြေပုံညွှန်း (ST-၆၄၄၄၈၂) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂) ဖာလုံ (၄) သံကြိုးခန့်လာရာ မယ်ဟန်-နောင်လုံလမ်းဆုံ ခန့်မှန်းမြေပုံညွှန်း (ST-၆၄၂၄၇၇) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၁) ဖာလုံ (၃) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ST-၆၄၅၄၇၇) အထိ၊ ထိုမှ တောင်ဘက်သို့ (၁) ဖာလုံ (၁) သံကြိုးခန့်

လာရာ ခန့်မှန်းမြေပုံညွှန်း (ST-၆၄၅၄၇၅) အထိ၊ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ (၂) ဖာလုံ (၇) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ST-၆၄၉၄၇၁) အထိ၊ ထိုမှ မြောက်ဘက်သို့ (၅) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ST-၆၄၉၄၇၃) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) ဖာလုံ (၁) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ST-၆၅၀၄၇၀) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်ယွန်းယွန်းသို့ (၂) ဖာလုံ (၆) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ST-၆၄၇၄၆၅) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ လုပ်လဲမြောင်းအတိုင်း (၄) ဖာလုံ (၂) သံကြိုးခန့်လာရာ မြောင်းဆုံ ခန့်မှန်းမြေပုံညွှန်း (ST-၆၅၄၄၅၉) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၄) ဖာလုံ (၈) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ST-၆၆၂၄၅၂) အထိ၊ ထိုမှ တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ST-၆၆၂၄၄၃) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၃) ဖာလုံ (၂) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ST-၆၅၇၄၄၈) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ တောင်ကြောအတိုင်း (၅) ဖာလုံ (၆) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ST-၆၄၅၄၄၃) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၃) ဖာလုံ (၂) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ST-၆၃၉၄၄၇) အထိ၊

အနောက်ဘက် ။ ။ ထိုမှ တောင်ကြောအတိုင်း အနောက်မြောက်ဘက်သို့ (၁) ဖာလုံ (၆) သံကြိုးခန့်လာရာ တန့်ယန်းလမ်းခွဲ ကျောက်တောင်ဘေး ခန့်မှန်းမြေပုံညွှန်း (ST-၆၃၇၄၅၀) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂) ဖာလုံ (၁) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ST-၆၃၅၄၅၄) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၂) ဖာလုံ (၄) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ST-၆၃၈၄၅၈) အထိ၊ ထိုမှ မြောက်ဘက် ကွန်ပျူတာတက္ကသိုလ်ထောင့်အစ (၂) ဖာလုံ (၉) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ST-၆၃၈၄၆၄) အထိ၊ ထိုမှ ကွန်ပျူတာတက္ကသိုလ် နယ်နိမိတ်အတိုင်း အရှေ့ဘက်သို့ (၂) ဖာလုံ (၄) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ST-၆၄၃၄၆၃) အထိ၊ ထိုမှ ကွန်ပျူတာတက္ကသိုလ် နယ်နိမိတ်အတိုင်း မြောက်ဘက်သို့ (၂) ဖာလုံ (၂) သံကြိုးခန့်လာရာ ကွန်ပျူတာတက္ကသိုလ် နယ်နိမိတ်ထောင့်အဆုံး ခန့်မှန်းမြေပုံညွှန်း (ST-၆၄၃၄၆၈) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁) ဖာလုံ (၉) သံကြိုးခန့်လာရာ ဘုန်းကြီးကျောင်းနယ်နိမိတ်ထောင့် ခန့်မှန်းမြေပုံညွှန်း (ST-၆၄၀၄၇၀) အထိ၊ ထိုမှ မြောက်ဘက်သို့ (၂) ဖာလုံ (၇) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ST-၆၄၀၄၇၆) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၈) သံကြိုးခန့်လာရာ နောင်လုံကျေးရွာရေထွက် ခန့်မှန်းမြေပုံညွှန်း (ST-၆၄၀၄၇၈) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) ဖာလုံ (၆) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ST-၆၄၁၄၈၁) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၂) ဖာလုံ (၄) သံကြိုးခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (ST-၆၄၄၄၈၅) အထိ။

## ၃။ တားမြစ်ချက်များ

"မယ်ဟန်ကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင်အဆိပ်ခတ်ခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

(ဇ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| (က) | မယ်ဟန်ကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေ (၅၇၅) အိမ်အတွက် | မယ်ဟန်ကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေ (၅၇၅) အိမ်အတွက် မိမိသုံးအဖြစ် တိုင် (၅၇၅) လုံး၊ မျော (၁၁၅၀) လုံး၊ ထင်း (၁၁၅၀) တန်၊ ဝါး (၃၀၀၀) လုံး၊ မျှစ် (၁၅၀၀) ပိဿာအား (၃) နှစ် တစ်ကြိမ် ထုတ်ယူ ခွင့်ပြုသည်။ |

၅။ ဖော်ပြပါ ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို အစိုးရကကြီးကြပ်နိုင်ခွင့်ရှိ၍ လုပ်ကိုင်သည့် လယ်ယာဥယျာဉ်ခြံမြေများပေါ်တွင် သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း သစ်တော ဦးစီးဌာနက အခွန်ကောက်ခံခွင့်ရှိသည်။ အဆိုပါ ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို ရရှိသူများသည် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာကျင့်သုံးရမည် -

(က) ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို အမည်ဖော်ပြထားသူများသာ ခံစားခွင့်ရှိ၍ ၎င်းတို့မှ ဆင်းသက်လာသူများနှင့် မသက်ဆိုင်စေရ၊

(ခ) လုပ်ကိုင်ခွင့်ရရှိသည့် လယ်ယာဥယျာဉ်ခြံမြေကို အသစ်တိုးချဲ့ခြင်း၊ ရောင်းချခြင်း မပြုရ၊

(ဂ) ထင်း၊ ခြံတိုင်နှင့် ဝါးများကို မိမိသုံးအတွက် ခွင့်ပြုခြင်းဖြစ်၍ ရောင်းချခြင်း မပြုရ။

၆။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက် တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်တွင် ကျင်းပပြုလုပ်သော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၁၀/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူ ခွင့်ပြုချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး (၄) ဦးတို့အား ယှဉ်တွဲပါဌာနများအလိုက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် နံနက်ပိုင်းမှစ၍ ဒုတိယ အမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| (၁) | ဒေါ်အေးစန္ဒာလွင် | ညွှန်ကြားရေးမှူး | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး |
| (၂) | ဒေါ်စောကလျာစု | ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန |
| (၃) | ဦးစိုးမြင့်အောင် | ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန |
| (၄) | ဦးမင်းဇော်ဦး | ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန |

# (ပြည်ထောင်စုဝန်ကြီးရုံး)
# အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၉) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (င) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မိမိဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အစိုးရအဖွဲ့များနှင့် ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စွာဆောင်ရွက်ထားခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်၊

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဗဟိုအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအကြား ထိရောက်မြန်ဆန်ချောမွေ့စေမည့် လုပ်ငန်းစဉ်များ ထူထောင် ပြဋ္ဌာန်း လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့သည့် ဝန်းကျင်တစ်ရပ် ပေါ်ပေါက်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ဂ) ပို့ကုန်မြှင့်တင်မည့်လုပ်ငန်းများ၊ ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေမည့်လုပ်ငန်းများ၊ သယံဇာတအရင်းအမြစ်များကို စနစ်တကျထုတ်ယူအသုံးချနိုင်မည့်လုပ်ငန်းများ၊ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ကို ထူထောင်မည့်လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေမည့်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းဖြင့်လည်းကောင်း၊ ပြည်ပငွေကြေးအကူအညီ၊ နည်းပညာအထောက်အပံ့၊ တရားဝင်ဖွံ့ဖြိုးမှုအထောက်အပံ့ချေးငွေ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတို့ကို ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်ရေး စိစစ်ကြပ်မတ်သွားရန်၊

(ဃ) ကော်မတီသည် မိမိဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာ သတ်မှတ်ဆောင်ရွက်စေရန်၊

(င) ကော်မတီသည် နိုင်ငံတော်၏ စီမံကိန်းများအရ အကောင်အထည်ဖော်ရမည့်လုပ်ငန်းများနှင့် မိမိဝန်ကြီးဌာန၏ ဌာနဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာနှင့် လျင်မြန်သွက်လက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းများကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို စနစ်တကျ ဆောင်ရွက်သွားရန်၊

(စ) မိမိဝန်ကြီးဌာန၏ စီမံကိန်းလျာထားချက်များနှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် အဆိုပြုချက်များကို ကော်မတီသို့ ဦးစွာတင်ပြစေ၍ အသေးစိတ် စိစစ်မှုနှင့် ဆန်းစစ်မှုများ ပြုလုပ်သွားရန်၊

(ဆ) ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ရန်၊

(ဇ) မိမိဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်စိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(ဈ) မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သောကိစ္စရပ်များ၊ အရာထမ်းများအား ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ၊ အပြစ်ပေး၊ အရေးယူခြင်းဆိုင်ရာ ကိစ္စရပ်များကို ကော်မတီသို့တင်ပြ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊

(ည) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သောကိစ္စရပ်များ၊ ပြည်ပပို့ကုန်၊ သွင်းကုန်နှင့် သက်ဆိုင်သောကိစ္စရပ်များ၊ တင်ဒါ ရွေးချယ်ရေးကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့တင်ပြစေရန်၊ ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ် ကြပ်မတ်ရန်။

၃။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးကို လအလိုက် မပျက်မကွက် ကျင်းပမည်ဖြစ်ပြီး အထက်အပိုဒ် (၂) ပါ လုပ်ငန်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိ ဌာနအဖွဲ့အစည်းများက စီမံခန့်ခွဲရေး ကော်မတီသို့ အမှာစာများတင်ပြရန် ဖြစ်ပါသည်။

၄။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၉) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက် လိုက်သည်။

သောင်းထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၇၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၁၄,၀၀၀-၂,၀၀၀-၂၃၄,၀၀၀)၊ ရုံးအုပ် (၆) ဦးတို့အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၉) ၏ သဘောတူညီချက်အရ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (စီမံ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့် နေ့ရက်မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

(က) ဒေါ်သန်းစိန် (ခ) လှလှဝင်း
ဆလက/၄၀၄၈၂

(ခ) ဦးမြင့်အေး
ဆလက/၄၀၄၉၆

(ဂ) ဒေါ်အုံးကျင်လှ
ဆလက/၄၀၄၉၁

(ဃ) ဒေါ်သီတာဝေ
ဆလက/၄၁၁၅၄

(င) ဒေါ်မျိုးမျိုးဝင်း
ဆလက/၄၂၈၂၇

(စ) ဒေါ်ဝင်းဝင်းထူး
ဆလက/၄၀၇၃၃

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၀၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ စာရင်းကိုင် (၁) (၄) ဦးတို့အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၉) ၏ သဘောတူညီချက်အရ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (ဘဏ္ဍာရေး) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့် နေ့ရက်မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

(က) ဒေါ်အေးအေး
ဆလက/၃၉၇၉၄

(ခ) ဒေါ်စိုးစိုးဝေ
ဆလက/၄၀၂၉၄

(ဂ) ဒေါ်အေးအေးကြည်
ဆလက/၄၁၃၇၇

(ဃ) ဦးအေးသန်း
ဆလက/၄၁၄၆၁

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၀၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ကိုယ်ပိုင်အမှတ်၊ ဆ/၁၅၂၄ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးရဲမင်းဇော် အား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၁/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနတွင် လစ်လပ်မည့် လစာနှုန်းတူ ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး) ရာထူးသို့ လစ်လပ်သည့် နေ့ရက်မှစ၍ ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၀၆/၂၀၁၉)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဖြင့် အင်ဂျင်နီယာချုပ် (မြို့ပြ) (တာဝန်) ထမ်းဆောင်လျက်ရှိသော ကိုယ်ပိုင်အမှတ်၊ ဆ/၁၅၉၀ ဒေါ်ယဉ်ယဉ်ဆွေ အား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၁/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနတွင် လစ်လပ်မည့် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ် (မြို့ပြ) ရာထူးသို့ လစ်လပ်သည့်နေ့ရက်မှစ၍ ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၀၇/၂၀၁၉)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ကိုယ်ပိုင်အမှတ်၊ ဆ/၁၅၃၈ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်အေးအေးမော် အား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ကျင်းပသော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၁/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ တံတားဦးစီးဌာနတွင် လစ်လပ်မည့် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ် (မြို့ပြ) ရာထူးသို့ လစ်လပ်သည့် နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်အပ်ပြီး အဆောက်အဦဦးစီးဌာနတွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| ရန်ကုန်မြို့ | ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်<br>( ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### အမျိုးသားလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

### အတည်ပြုခန့်ထားခြင်း

အမျိုးသားလွှတ်တော်ရုံး၊ ဉပဒေပြုဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသိန်း အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၁၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

### အတည်ပြုခန့်ထားခြင်း

အမျိုးသားလွှတ်တော်ရုံးတွင် အစမ်းခန့်ထားခဲ့သော အောက်ဖော်ပြပါ အရာထမ်း (၆) ဦးအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဒေါ်ခင်မျိုးဝင်း | ညွှန်ကြားရေးမှူး |
| ၂။ | ဒေါ်ခင်မျိုးဆွေ | ညွှန်ကြားရေးမှူး |
| ၃။ | ဒေါ်အေးအေးငြိမ်းငြိမ်း | ဒုတိယညွှန်ကြားရေးမှူး |
| ၄။ | ဒေါ်ဝတ်ရည်တိုး | ဒုတိယညွှန်ကြားရေးမှူး |
| ၅။ | ဒေါ်နီလာထွေး | လက်ထောက်ညွှန်ကြားရေးမှူး |
| ၆။ | ဒေါ်သန်းသန်းစိုး | လက်ထောက်ညွှန်ကြားရေးမှူး |

လွင်ဦး၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

## ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

အမှတ် ၁၀ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်စွဲပါ စာအမှတ်၊ ၇၇၄/ရအဖ-၂/၃၃၁/၂၀၁၉/တမ-၂ ကို ညွှန်းလျက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်စွဲပါ စာအမှတ်၊ ၀၄၇/၁-နစရ/ဝကရ (၁၆၆၀) အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ စစ်ကိုင်းမှ အောက်ပါ ရုံးအုပ် (၂) ဦးနှင့် စာရင်းကိုင်-၁ (၁) ဦးတို့အား တစ်ဆင့်မြင့်ရာထူးနေရာများသို့ အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ လစာနှုန်း | တိုးမြှင့်ခန့်ထားမည့်ရာထူး၊ ဌာန၊ လစာနှုန်း |
|---|---|---|
| ၁။ | ဒေါ်ကြည်ကြည်ထွေး<br>ရုံးအုပ်<br>စာမေးပွဲနှင့် ဘွဲ့နှင်းဌာနစု<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | လက်ထောက်မော်ကွန်းထိန်း<br>စာမေးပွဲနှင့် ဘွဲ့နှင်းဌာနစု<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၂။ | ဦးအောင်နိုင်<br>ရုံးအုပ်<br>ကျောင်းသားရေးရာဌာနစု<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | လက်ထောက်မော်ကွန်းထိန်း<br>ကျောင်းသားရေးရာဌာနစု<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၃။ | ဒေါ်ဝင်းနွယ်<br>စာရင်းကိုင်-၁<br>ငွေစာရင်းဌာနစု<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ (ငွေစာရင်း)<br>ငွေစာရင်းဌာနစု<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

အမှတ် ၁၁ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်စွဲပါ စာအမှတ်၊ ၇၆၈/ရအဖ-၂/၃၂၅/၂၀၁၉/တမ-၂ ကို ညွှန်းလျက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်စွဲပါ စာအမှတ်၊ ၀၄၇/၁-နစရ/ဝကရ (၁၆၆၀) အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်းမှ ဒုတိယဦးစီးမှူး (၂) ဦးတို့အား ဦးစီးအရာရှိ ရာထူးနေရာများသို့ အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားမည့်ရာထူး၊ လစာနှုန်း |
|---|---|---|
| ၁။ | ဒေါ်သန္တာဦး<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၂။ | ဒေါ်အောင်ဇင်ဝင့်ဝါဖူး (ခ) ဇင်မာမြင့်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

သိန်းဌေးဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာ (၈၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ်၊ နေဝင်းရပ်ကွက်၊ အကွက်အမှတ်/အမည်- ၁/ရေကြည်မီးရထားမြို့ကွက်၊ ဦးပိုင်အမှတ် (၂၂^ခ) ရှိ **မြေဧရိယာ ၀. ၂၇၈ ဧက** အား **သီတာမုနိစေတီတော်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၈၃/၂၀၁၉)

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့၊ မဒေါ့ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - ၆၃၂/ စမ်းကွင်း၊ ဦးပိုင်အမှတ် (၄၁) ရှိ **မြေဧရိယာ ၁၂. ၇၂ ဧက** အား **ဖားအောက်တောရဗုဒ္ဓသာသာသနာ့ရိပ်သာခွဲ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၈၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၉၀/သာသနာမြေကွင်း)၊ ဦးပိုင်အမှတ် (၁၀) ရှိ **မြေဧရိယာ ၂. ၄၈ ဧက** အား **ကယန်းပဒေါင်ဗုဒ္ဓဘုန်းတော်ကြီးကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၈၅/၂၀၁၉)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ အောင်သပြေရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် [၈၀၇-က/စူပါဝမ်းအနောက်တောင်ရပ် (က)]၊ ဦးပိုင်အမှတ် (၁၇-က)၊ မြေကွက်အမှတ် (၁၇/၁၈) ရှိ **မြေဧရိယာ ၁. ၅၄၀ ဧက** အား **ဗောဓိမဏ္ဍိုင်သစ္စာဉာဏ်ရောင် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၈၆/၂၀၁၉)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ စဥ့်ဟယ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၄၀/စဥ့်ဟယ်ဈေးရပ်)၊ ဦးပိုင်အမှတ် (၈၅)၊ မြေကွက်အမှတ် (၈၅) ရှိ **မြေဧရိယာ ၀. ၆၃၀ ဧက** အား **ယေဖူးရွှေနှလုံးတော်ဘုရားကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

အမှတ် ၈၄၅ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၅) (၂၇၉၉/၂၀၁၉) (လဆ) အရ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ အောက်ဖော်ပြပါ ရုံးအုပ်၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၁၁) ဦးအား လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (စီမံ) ရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူးနှင့် တာဝန်ထမ်းဆောင်နေသည့် ဌာနခွဲ၊ ဒေသ | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၁။ | ဒေါ်တင်တင်ဝင်း | ရုံးအုပ်<br>ကြေးတိုင်ဦးစီးဌာန (အထက်မြန်မာပြည်) | ဦးစီးအရာရှိ (စီမံ) |
| ၂။ | ဒေါ်ဝင်းဝင်းရှိန် | ရုံးအုပ်<br>မွန်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ပြည်နယ်ရုံး) | ဦးစီးအရာရှိ (စီမံ) |
| ၃။ | ဒေါ်သိန်းသိန်းဝင်း | ရုံးအုပ်<br>(ရုံးချုပ်) ကြေးတိုင်စီမံကိန်းနှင့် သုတေသနဌာနခွဲ | ဦးစီးအရာရှိ (စီမံ) |
| ၄။ | ဒေါ်ခင်နှင်းယု | ရုံးအုပ်<br>ရန်ကုန်တိုင်းဒေသကြီးလယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (တိုင်းဒေသကြီးရုံး) | ဦးစီးအရာရှိ (စီမံ) |
| ၅။ | ဒေါ်မိုးနှင်းဆီ | ရုံးအုပ်<br>(ရုံးချုပ်) စီမံရေးရာဌာနခွဲ | ဦးစီးအရာရှိ (စီမံ) |
| ၆။ | ဦးအောင်လတ် | ရုံးအုပ်<br>(ရုံးချုပ်) စာရင်းအင်းဌာနခွဲ<br>(ရန်ကုန် စ. စ. မ တွဲဖက်) | ဦးစီးအရာရှိ (စီမံ) |
| ၇။ | ဒေါ်ဝင်းဝင်းမြင့် | ရုံးအုပ်<br>(ရုံးချုပ်) ကြေးတိုင်စီမံကိန်းနှင့် သုတေသနဌာနခွဲ | ဦးစီးအရာရှိ (စီမံ) |
| ၈။ | ဒေါ်ချိုချိုလတ် | ရုံးအုပ်<br>ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း (တိုက်ကြီးမြို့) | ဦးစီးအရာရှိ (စီမံ) |
| ၉။ | ဒေါ်မေမြတ်ခိုင် | ရုံးအုပ်<br>(ရုံးချုပ်) စီမံရေးရာဌာနခွဲ | ဦးစီးအရာရှိ (စီမံ) |
| ၁၀။ | ဒေါ်အိအိနိုင် | ရုံးအုပ်<br>(ရုံးချုပ်) စီမံရေးရာဌာနခွဲ | ဦးစီးအရာရှိ (စီမံ) |
| ၁၁။ | ဒေါ်ခင်ဆွေသန်း | ရုံးအုပ်<br>(ရုံးချုပ်) စီမံရေးရာဌာနခွဲ | ဦးစီးအရာရှိ (စီမံ) |

အမှတ် ၈၄၆ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၅) (၂၈၀၀/၂၀၁၉) (လဆ) အရ လယ်ယာမြေ

စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ အောက်ဖော်ပြပါ ကျွမ်းကျင်ရာထူးစု၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၁၂) ဦးအား လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (ကွန်ပျူတာ) ရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူးနှင့် တာဝန်ထမ်းဆောင်နေသည့် ဌာနခွဲ၊ ဒေသ | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၁။ | ဒေါ်ခိုင်ကျော့စံ | ကွန်ပျူတာစီစဉ်ရေးမှူး (ရုံးချုပ်) မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲ | ဦးစီးအရာရှိ (ကွန်ပျူတာ) |
| ၂။ | ဒေါ်နှင်းမြမြစိုး | သုတေသနလက်ထောက်-၂ (ရုံးချုပ်) မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲ | ဦးစီးအရာရှိ (ကွန်ပျူတာ) |
| ၃။ | ဒေါ်ဥမ္မာမြင့် | သုတေသနလက်ထောက်-၂ (ရုံးချုပ်) မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲ | ဦးစီးအရာရှိ (ကွန်ပျူတာ) |
| ၄။ | ဒေါ်ခေမာလွင် | ကွန်ပျူတာလုပ်ဆောင်ရေးမှူး (ရုံးချုပ်) မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲ | ဦးစီးအရာရှိ (ကွန်ပျူတာ) |
| ၅။ | ဒေါ်ခင်သန်းဝင်း | ကွန်ပျူတာလုပ်ဆောင်ရေးမှူး (ရုံးချုပ်) မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲ | ဦးစီးအရာရှိ (ကွန်ပျူတာ) |
| ၆။ | ဒေါ်ပပဝင်း | စက်မှုကျွမ်းကျင်-၂ (ရုံးချုပ်) မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲ | ဦးစီးအရာရှိ (ကွန်ပျူတာ) |
| ၇။ | ဒေါ်မေသူစိမ့် | ကွန်ပျူတာလုပ်ဆောင်ရေးမှူး ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း (တိုက်ကြီးမြို့) | ဦးစီးအရာရှိ (ကွန်ပျူတာ) |
| ၈။ | ဒေါ်သီတာထိုက် | ကွန်ပျူတာလုပ်ဆောင်ရေးမှူး (ရုံးချုပ်) မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲ | ဦးစီးအရာရှိ (ကွန်ပျူတာ) |
| ၉။ | ဒေါ်မြင့်မြင့်သိန်း | အငယ်တန်းအင်ဂျင်နီယာ-၂ (ရုံးချုပ်) မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲ | ဦးစီးအရာရှိ (ကွန်ပျူတာ) |
| ၁၀။ | ဒေါ်ခင်မြင့်မော် | စက်မှုကျွမ်းကျင်-၂ (ရုံးချုပ်) မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲ | ဦးစီးအရာရှိ (ကွန်ပျူတာ) |
| ၁၁။ | ဒေါ်သင်းသင်းလတ် | အငယ်တန်းအင်ဂျင်နီယာ-၂ (ရုံးချုပ်) မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲ | ဦးစီးအရာရှိ (ကွန်ပျူတာ) |
| ၁၂။ | ဒေါ်နှင်းဝေဝေမြင့် | အငယ်တန်းအင်ဂျင်နီယာ-၂ (ရုံးချုပ်) မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲ | ဦးစီးအရာရှိ (ကွန်ပျူတာ) |

သက်နိုင်ဦး၊
ညွှန်ကြားရေးမှူးချုပ်၊
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန။

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

အမှတ် ၂၀ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၄) (၂၈၀၁/၂၀၁၉) (လဆ) အရ နေပြည်တော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ငွေစာရင်းဌာနခွဲမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ စာရင်းကိုင် (၁) ဒေါ်မြမြမိုး အား လက်ရှိရုံးတွင်ပင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (ငွေစာရင်း) ရာထူးသို့ အမှန်တကယ်အလုပ် စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဗိုလ်ဗိုလ်ကျော်၊
ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)၊
ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်)၊
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန။

## ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## ညွှန်ကြားချက်အမှတ် (၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပုဒ်မ ၂၉၄-ခ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ **အန္တရာယ်ရှိ ဓာတုကုန်ပစ္စည်းများ ဝမ်းလောင်း တင်ဆောင်သော မြန်မာအလံလွှင့်ထူထားသည့် အပြည်ပြည်ဆိုင်ရာ ခရီးစဉ်သွား မြန်မာသင်္ဘောများ တည်ဆောက်ခြင်းနှင့် တပ်ဆင်သော ပစ္စည်းကိရိယာများ အတွက် စံနှုန်းသတ်မှတ်ခြင်းဆိုင်ရာညွှန်ကြားချက်** ကို ထုတ်ပြန်လိုက်သည်။

၁။ မြန်မာအလံလွှင့်ထူထားသည့် အပြည်ပြည်ဆိုင်ရာခရီးစဉ်သွား သင်္ဘောများ၏ပိုင်ရှင်များနှင့် လုပ်ငန်းလုပ်ကိုင်သူများ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာစစ်ဆေးရေးမှူးများနှင့် အသိအမှတ်ပြုအဖွဲ့အစည်းများသည် ပင်လယ်ပြင်၌ အသက်အန္တရာယ်ကင်းရှင်းရေးအတွက် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (SOLAS) (74/78) ပါ အခန်း ၂-၁၊ အခန်း ၂-၂၊ အခန်း ၇ ၏ အပိုင်း (ခ) နှင့် သင်္ဘောများမှဖြစ်ပွားသော ညစ်ညမ်းမှု ကာကွယ်တားဆီးရေးအတွက် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (MARPOL) (73/78) ၏ နောက်ဆက်တွဲ-၂ (Annex-II) တို့ပါ သင်္ဘောများတည်ဆောက်ခြင်း၊ ကိရိယာများတပ်ဆင်ခြင်းတို့နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO) ၏ ဆုံးဖြတ်ချက် အမ်အက်စ်စီ-၄ (၄၈) နှင့် အမ်အီးပီစီ-၁၉ (၂၂) တို့အရ အတည်ပြုထားသော နောက်ဆက်တွဲပါ အန္တရာယ်ရှိ ဓာတုကုန်ပစ္စည်းများအား ဝမ်းလောင်းတင်ဆောင်သော သင်္ဘောများ၏ တည်ဆောက်ခြင်းနှင့် တပ်ဆင်ခြင်းဆိုင်ရာ လမ်းညွှန်ချက် [The International Code for the Construction and Equipment of Ships Carrying Dangerous Chemicals in Bulk (IBC code)] တွင် ဖော်ပြထားသည့်နည်းလမ်း၊ စံနှုန်းသတ်မှတ်ချက်များနှင့် ယင်းလမ်းညွှန်ချက်၏ ပြင်ဆင်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

၂။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့ ရက်စွဲပါ ညွှန်ကြားချက် (၁၀/၂၀၁၅) ကို ဤညွှန်ကြားချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သောင်းကြိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက် ( ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### လှပသောသမုဒ္ဒရာ ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်

### (Gallant Ocean Production Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း

၁။ **လှပသောသမုဒ္ဒရာ ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၅. ၁၁. ၂၀၁၉) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B.Com, CPA)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂၉. ၁၂. ၂၀၁၉) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်ဝင်းဝင်းခိုင် | ဦးစိန်ကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | (B.Com, CPA) |
| လှပသောသမုဒ္ဒရာ ထုတ်လုပ်မှု ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | ဖုန်း- ၀၁-၅၀၇၁၁၇ |

**Notice**

## 557 ESTATE COMPANY LIMITED

(In members' Voluntary Liquidation)

Pursuant of Section 357 (A) of the Myanmar Companies Law (2017)

**Final Meeting**

A final meeting of the above Company will be held on 27th December 2019 at No. (B/606), Yatanar Housing, Yatanar Road, (13) Quarter, South Okkalapa Township, Yangon Region, at 9:00 am.

**AGENDA**

1. To Explain & Lay before the meeting the Liquidator's account of the Liquidation.
2. To give any explanation thereof.

Khin Saw Yu
[B.Com (Q), CPA]
Certified Public Accountants and Auditors
No. 49/51, (7th Floor), 2nd Street, Lanmadaw Township,
Yangon Region, The Republic of the Union of Myanmar

## Kyei Sin Lin Jade & Gems Co., Ltd

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၄၈ အရ

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **ကြယ်စင်လင်းကျောက်စိမ်းနှင့်ကျောက်မျက်ကုမ္ပဏီလီမိတက်** အား (၂၆. ၁၁. ၂၀၁၉) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ဦးကျော်ညွန့် မှတ်ပုံတင်စာရင်းကိုင်အမှတ် (၁၅၆)/ အမှတ် ၂၆၉၊ အညာစုလမ်း၊ ၉ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို အစုရှယ်ယာရှင်များမှ သတ်မှတ်ထားသော (၃၀. ၁၂. ၂၀၁၉) ရက်ထက် နောက်မကျစေဘဲ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Sai Aung Min Latt
Managing Director
Kyei Sin Lin Jade & Gems Co., Ltd

ဦးကျော်ညွန့်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## BJC - MIB COMPANY LIMITED

(Incorporated in the Republic of the Union of Myanmar)

(the "Company")

Voluntary liquidation with the consent of the shareholders

At the Special General Meeting of the Company held on 22nd November 2019 at No. 138/142, Room (D), Ground Floor, Thein Phyu Street, Botahtaung Township, Yangon, Myanmar a Special resolution was passed to place the Company into Voluntary liquidation. For carrying out the liquidation, Daw Thida Cho Win holding NRC number 5/Nga Za Na (Naing ) 038662, (B.com, CPA) was appointed as liquidator.

We hereby announce that any person who has debts and liabilities to the Company should claim or pay them from/to the liquidator by 31st December 2019 at the latest.

U Zaw Latt
For and on behalf of
BJC - MIB COMPANY LIMITED

Daw Thida Cho Win
Liquidator
BJC - MIB COMPANY LIMITED

## Bright Jade Co.,Ltd

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၄၈ အရ

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **Bright Jade Co., Ltd** အား (၂၆. ၁၁. ၂၀၁၉) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ဦးကျော်ညွန့် မှတ်ပုံတင်စာရင်းကိုင်အမှတ် (၁၅၆)၊ အမှတ် ၂၆၉၊ အညာစုလမ်း၊ ၉ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို အစုရှယ်ယာရှင်များမှ သတ်မှတ်ထားသော (၃၀. ၁၂. ၂၀၁၉) ရက်ထက် နောက်မကျစေဘဲ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Sai Myo Myint
Managing Director
Bright Jade Co., Ltd

ဦးကျော်ညွန့်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**Shwe Taung Pyar Dan Gems Co.,Ltd**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၄၈ အရ

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **Shwe Taung Pyar Dan Gems Co.,Ltd** အား (၂၆. ၁၁. ၂၀၁၉) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ဦးကျော်ညွှန့် မှတ်ပုံတင်စာရင်းကိုင်အမှတ် (၁၅၆)၊ အမှတ် ၂၆၉၊ အညာစုလမ်း၊ ၉ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို အစုရှယ်ယာရှင်များမှ သတ်မှတ်ထားသော (၃၀. ၁၂. ၂၀၁၉) ရက်ထက် နောက်မကျစေဘဲ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Sai Aung Min Latt
Managing Director
Shwe Taung Pyar Dan Gems Co.,Ltd

ဦးကျော်ညွှန့်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**Sut Gaba Gems Co.,Ltd**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၄၈ အရ

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **Sut Gaba Gems Co.,Ltd** အား (၂၆. ၁၁. ၂၀၁၉) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ဦးကျော်ညွှန့် မှတ်ပုံတင်စာရင်းကိုင်အမှတ် (၁၅၆)၊ အမှတ် ၂၆၉၊ အညာစုလမ်း၊ ၉ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို အစုရှယ်ယာရှင်များမှ သတ်မှတ်ထားသော (၃၀. ၁၂. ၂၀၁၉) ရက်ထက် နောက်မကျစေဘဲ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Sai Aung Min Latt
Managing Director
Sut Gaba Gems Co.,Ltd

ဦးကျော်ညွှန့်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၁၉၀၀/၂၉-၁၁-၂၀၁၉။